# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၅ရက်၊ ၂၀၁၀ခုနှစ်၊ ဇွန် ၁၁ရက်၊ သောကြာနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၄၉)

## နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပေါ်တူဂီသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၀

၂၀၁၀ ခုနှစ် ဇွန် ၁၀ရက်တွင်ကျရောက်သော ပေါ်တူဂီသမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေါ်တူဂီသမ္မတနိုင်ငံ သမ္မတ မစ္စတာ အာနီဘယ် ကာဗာကိုဆီးလ်ဗာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပေါ်တူဂီဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၀

၂၀၁၀ ခုနှစ် ဇွန် ၁၀ရက်တွင် ကျရောက်သော ပေါ်တူဂီသမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ ပေါ်တူဂီသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဟိုဆေး ဆိုကရေတီး ကာဗဲလ်ဟိုပင်တို ဒီ ဆူဇာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**





နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

## ကျောက်ဆည်မြို့နယ်၌ ပြည်သူ့ဆေးရုံနှင့် အခြေခံပညာအထက်တန်းကျောင်း ဖွင့်ပွဲအခမ်းအနား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး တက်ရောက်

နေပြည်တော် ဇွန် ၁၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာ၌ ကျင်းပသည့် (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံနှင့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း (ဖျောက်ဆိပ်ပင် စက်ရုံစုနယ်မြေ)ဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်သည်။



ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖျောက်ဆိပ်ပင်စက်ရုံစုနယ်မြေရှိ စက်ရုံများမှ ဝန်ထမ်းများ၊ ကျောက်ဆည် ဇရာမောင်

*စာမျက်နှာ ၃ ကော်လံ ၁* *

ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာရှိ (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

11-6 (01).pmd 1 6/11/2010, 2:43 AM

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၁၀ခုနှစ် ဇွန် ၁၁ ရက်)

# သဘာဝသယံဇာတ အရင်းအမြစ်များ စနစ်တကျထုတ်ယူသုံးစွဲ မဲခေါင်ဒေသနိုင်ငံများ သဘာဝသယံဇာတအရင်းအမြစ်မပြုန်းရေး ထိန်းသိမ်း

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့ Inter Continental Asiana Saigon Hotel, Plenary Hall ၌ ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်အမှုဆောင်ဥက္ကဋ္ဌက တည်ခင်းဧည့်ခံသည့် အလုပ်သဘော နေ့လယ်စာစားပွဲနှင့် မဲခေါင်ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ဦးဆောင်မှုအခန်းကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲသို့ ဇွန်လ ၆ရက်နေ့က တက်ရောက်ခဲ့သည်။

မဲခေါင်ဒေသသည် ရေ၊ မြေ၊ တောတောင်၊ အင်း၊ အိုင်များနှင့်အတူ သဘာဝသယံဇာတပေါကြွယ်ဝသည့် ဒေသကြီးဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ရာတွင် Natural Resources များကို ထုတ်ယူအသုံးပြုမှုများ ပြုလုပ်ကြရသဖြင့် အသုံးပြုသည့် သဘာဝသယံဇာတအရင်းအမြစ်များတွင် အသစ်ပြန်လည်ဖြစ်ထွန်းနိုင်သည့် အရင်းအမြစ်များနှင့် ကုန်ခန်းသွားသည့် အရင်းအမြစ်များရှိပေသည်။

မဲခေါင်ဒေသခွဲ နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို သဟဇာတဖြစ်ရန် ဆောင်ရွက်နိုင်မှသာ ရေရှည်တည်တံ့မှုကို ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းရာတွင် သဘာဝပတ်ဝန်းကျင်မပျက်စီးရေးကို အလေးဂရုပြုကြရန် လိုအပ်ကြောင်းကို နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က ဆွေးနွေးပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ဆောင်ရွက်မှုနှင့် သဘာဝသယံဇာတများကို ထိန်းသိမ်းနိုင်မှုအခြေအနေတွင် မြန်မာနိုင်ငံ၏ စီးပွားရေးသည် လယ်ယာကို အဓိကအခြေခံနေပြီး လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍတို့ပါဝင်သည့် လယ်ယာကဏ္ဍကြီး၏ ရေရှည်တည်တံ့မှုကို ထိန်းသိမ်းထားရာ အသားတင်စိုက်ဧရိယာမှာ စိုက်ပျိုးနိုင်သည့် မြေဧရိယာ၏ ၆၇ဒသမ ၃ရာခိုင်နှုန်းရှိသဖြင့် စိုက်ပျိုးမြေ ဧရိယာတိုးချဲ့ရန်များစွာကျန်ရှိနေပေသည်။

သားငါးကဏ္ဍတွင်လည်း ငါးတန်ချိန်ကို တစ်နှစ်အများဆုံးဖမ်းနိုင်သည့် သတ်မှတ်ချက်အတွင်း၌သာ ဖမ်းဆီးစေပြီး သစ်တောကဏ္ဍ၌လည်း ရေရှည်တည်တံ့မှုရှိစေရေးအတွက် နှစ်စဉ်သတ်မှတ်ထားသည့် အရေအတွက်ကိုသာ ခုတ်လှဲခွင့်ပြုပြီး နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်ရေးစီမံချက်များ၊ သစ်တောပြုစုပျိုးထောင်ရေး၊ ပြန်လည်ထိန်းသိမ်းရေး၊ စိုက်ပျိုးရေးတို့ကို အကောင်အထည်ဖော်လျက်ရှိသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ထုတ်ယူသုံးစွဲသည့် သဘာဝအရင်းအမြစ်များကို အသုံးပြုခြင်းသည် အသစ်တစ်ဖန်ပြန်လည်၍ မရနိုင်တော့သဖြင့် နိုင်ငံများအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ဆောင်ရွက်ရာတွင် သယံဇာတပမာဏနှင့် ထုတ်ယူသုံးစွဲနိုင်သည့် အတိုင်းအတာတို့ကို ချိန်ဆ၍ ဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။ သဘာဝသယံဇာတပေါကြွယ်ဝသည့် မဲခေါင်ဒေသနိုင်ငံများသည် အနာဂတ်တွင် သဘာဝသယံဇာတများကို ဆက်လက်ထိန်းသိမ်းထားပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။





# လေးမျက်နှာမြို့နယ် ဝေန်မြစ်ဖြတ်မြောင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

## မြစ်အနောက်ဘက်ကမ်း ပြိုကျမှုများ သက်သာမှုရှိလာမည်

ရန်ကုန် ဇွန် ၁၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးဌေးဦးသည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၆ရက် နံနက်ပိုင်းက ဟင်္သာတမြို့နယ် ဧရာဝတီ-ဟင်္သာတတာ၊ ဟင်္သာတ ကမ်းနားတာများ၏ ကြံ့ခိုင်မှု၊ ကမ်းပါးကာကွယ်ထားမှု၊ ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်နေမှုများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ဝေန်မြစ်ကမ်းပါးပြိုကျမှု ကာကွယ်ရေးအတွက် ဆည်မြောင်းဦးစီးဌာနက တာဝန်ယူတည်ဆောက်နေသော ဝေန်မြစ်ဖြတ်မြောင်းသို့ ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဝေန်မြစ်ရေစီးကြောင်းပြောင်းလဲရန် စက်ယန္တရားကြီးများဖြင့် ဖြတ်မြောင်းတူးဖော်နေမှု၊ ဖြတ်မြောင်းအတွင်း လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဝေန်မြစ်အနောက်ဘက်ကမ်း ထူပါရုံစေတီတော်မြတ်ကြီးအနီး မြစ်ကမ်းပြိုနေမှုနှင့် ကမ်းပါးပြိုကျမှုကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကာကွယ်ဆောင်ရွက်ထားမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ မှာကြားခဲ့သည်။

### သက်သာမှုရှိမည်

အဆိုပါ ဝေန်မြစ်ဖြတ်မြောင်းသည် လေးမျက်နှာမြို့နယ် သောင်သုံရွာအနီး ဝေန်မြစ်အရှေ့ဘက်ကမ်း၌ တည်ရှိပြီး အလျားပေ၂၂၀၀၊ အနက်၁၂ပေနှင့် အကျယ် ၇၂ပေရှိကာ လုပ်ငန်းများ ပြီးစီးပြီဖြစ်၍ ဝေန်မြစ် အနောက်ဘက်ကမ်းပြိုကျမှုများ အတွက် သက်သာမှုရှိလာမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ ဖျော်ဖြေတင်ဆက်မည်

ရန်ကုန် ဇွန် ၁၀

၂၀၁၀ခုနှစ် ဇူလိုင်၃ရက်တွင် ကျရောက်မည့် **“မြန်မာအမျိုးသမီးများနေ့”** အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး၍ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်သော **“တိုင်းရင်းစုံညီ ပျိုမဒီ တီထွင်ဆင်သ ရှိုးရာအလှ”** ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို ယခင်နှစ်များကဲ့သို့ အများပြည်သူများကို ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်သည်။

### ပါဝင်မည်

ယနေ့ခေတ် တက်သစ်စ မင်းသမီးလေးများ၊ သရုပ်ဆောင်မင်းသမီးပေါင်းများစွာနှင့်အတူ Star & Model အေဂျင်စီမှ မော်ဒယ်လ်လေးများက တိုင်းရင်းသားမျိုးနွယ်အလိုက် ဝတ်စားဆင်ယင် ထုံးဖွဲ့မှုများကို တင်ဆက်ပြသသွားမည်ဖြစ်သည်။ ထို့အပြင် ပရိသတ်အကြိုက် အဆိုတော်များ၏ တေးသီချင်းများဖြင့် ဖျော်ဖြေမှုများ၊ Five Stars လူရွှင်တော် အဖွဲ့နှင့် ဝက်မတို့၏ တစ်ခန်းရပ် ဟာသဇာတ်လမ်းများလည်း ပါဝင်မည်ဖြစ်သည်။

အဆိုပါပြပွဲကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဇွန် ၂၆ရက်နှင့် ၂၇ရက်တို့တွင် ညစဉ် ၆နာရီခွဲ၌ ပြသဖျော်ဖြေမည်ဖြစ်ပြီး ဝင်ကြေးလက်မှတ်များကို ငွေကျပ်၁၀၀၀၀၊ ငွေကျပ် ၇၀၀၀၊ ငွေကျပ်၅၀၀၀ နှင့် ငွေကျပ် ၃၀၀၀ သတ်မှတ်ထားသည်။ လက်မှတ်များကို ဇွန် ၂၀ရက်မှစတင်၍ အမျိုးသားဇာတ်ရုံ၊ Uncle SAM ဆိုင်များ၊ FMI Centre၊ ရန်ကင်းစင်တာ၊ ဒဂုန်စင်တာနှင့် BAK ဆိုင်များတွင် စတင်ရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

**ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကျေးရွာစာကြည့်တိုက်များအတွက် သုံးခွမြို့နယ်နေ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြင့်စိုး၊ ဇနီး ဒေါ်ခင်ဆွေဝင်း မိသားစုတို့က မဂ္ဂဇင်း၊ ဂျာနယ်စာစောင် ၅၀၀ကို ဇွန် ၇ရက်က ခရမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ထွေးထံ လှူဒါန်းစဉ်။**

(မြို့နယ် ပြန်/ဆက်)

# ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၆-၂၀၁၀ (သောကြာနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၅:၀၀ | MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ် |
| ၅:၁၅ | MRTV-4 သတင်း |
| ၆:၀၀ | **အာရုံခြောက်ပါး** တရားတော် (ဆရာတော်ဘဒ္ဒန္တကဥ္စနသာရ) |
| ၇:၀၀ | MRTV-4 သတင်း |
| ၇:၄၅ | MRTV-4 ကာတွန်းအစီအစဉ် |
| ၈:၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၃) |
| ၈:၃၀ | Sports World (Contender Argentina) |
| ၈:၅၅ | အဓိဋ္ဌာန်ကာရည်မျှော် ဆုတောင်းပြည့်အောင်စေတီတော် |
| ၉:၁၅ | Activities in the City (စာရေးဆရာစစ်နွှေ၏ တာဝန်ကျေခဲ့ပါသည် အပိုင်း ၁၊ ၂ စာအုပ်မိတ်ဆက်ပွဲ) |
| ၉:၂၅ | ရင်းနှီးနွေးထွေးမှုမှသည် ပဲခူးတိုင်းဆီ |
| ၉:၄၀ | Movie Talk (ဒါရိုက်တာ-ကြည်စိုးထွန်း) |
| ၁၀:၃၀ | 3D ကျွဲကော |
| ၁၀:၄၅ | ဂီတသမားတို့ရဲ့ရင်ခုန်သံများ (မြရိပ်ညို Hip Hop Show) |
| ၁၁:၁၀ | ဧည့်ဝတီရဲ့တေးနရီ ရသစုံလီရှိုင်စာပီ |
| ၁၁:၂၅ | ဇီဝမျိုးစုံမျိုးကွဲပြတိုက် (လှော်ကားဥယျာဉ်) |
| ၁၁:၃၅ | Story Telling Festival |
| ၁၁:၅၀ | မြန်မာစာ၊ မြန်မာစကား |
| ၁၂:၀၀ | **မေတ္တာရောင်ပြန်** ဇေယျ၊ ဦးဝင်းမြိုင်၊ စိုးမိုးကြည် [ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)] |
| ၁၂:၂၀ | VJ Choice |
| ၁၂:၄၅ | Activities in the City (ဆရာတော် ဘဒ္ဒန္တပညိဿရာဘိဝံသ၏ စိန်ရတုဝိဇာတပူဇော်ပွဲ) |
| ၁:၀၀ | **အာရုံခြောက်ပါး** တရားတော် (ဆရာတော်ဘဒ္ဒန္တကဥ္စနသာရ) |
| ၂:၀၀ | MRTV-4 သတင်း |
| ၂:၄၅ | သူတို့ပြောတဲ့သူတို့အကြောင်း (ဟာသ သရုပ်ဆောင်မန်းဝင်းနှင့်တွေ့ဆုံခြင်း) (အပိုင်း-၂) |
| ၃:၁၅ | ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) |
| ၃:၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၃) |
| ၄:၀၅ | Activities in the City (စာရေးဆရာ စစ်နွှေ၏ တာဝန်ကျေခဲ့ပါသည် အပိုင်း ၁၊ ၂ စာအုပ်မိတ်ဆက်ပွဲ) |
| ၄:၂၀ | ရင်းနှီးနွေးထွေးမှုမှသည် ပဲခူးတိုင်းဆီ |
| ၄:၃၀ | အဓိဋ္ဌာန်ကာရည်မျှော် ဆုတောင်းပြည့်အောင်စေတီတော် |
| ၄:၅၅ | Road To Highest Competition (Portugal) |
| ၅:၀၅ | World of Knowledge (Mega Structures: ICE HOTEL) |
| ၆:၀၀ | MRTV-4 သတင်း |
| ၆:၂၀ | ဂီတသမားတို့ရဲ့ရင်ခုန်သံများ (မြရိပ်ညို Hip Hop Show) |
| ၆:၄၀ | လှပသစ်ဆန်း အလှပြင်ခန်း (Bam Boo Spa) |
| ၆:၅၅ | ရန်ကုန်မြင်ကွင်းကျယ် (Myanmar International Educare Centre SUMMER SCHOOL ကျောင်းဆင်းပွဲ) |
| ၇:၁၀ | ဖက်ရှင်လမ်းညွှန် (အဝါရောင်ဖက်ရှင်) |
| ၇:၂၅ | FMF Selection |
| ၈:၀၀ | MRTV-4 သတင်း |
| ၈:၃၀ | VJ Choice |
| ၉:၀၅ | သူတို့ပြောတဲ့သူတို့အကြောင်း (ဟာသသရုပ်ဆောင် မန်းဝင်းနှင့်တွေ့ဆုံခြင်း) (အပိုင်း-၂) |
| ၉:၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၃) |
| ၁၀:၀၀ | ဖက်ရှင်လမ်းညွှန် (အဝါရောင်ဖက်ရှင်) |
| ၁၀:၁၅ | ရန်ကုန်မြင်ကွင်းကျယ် (Myanmar International Educarc Centre SUMMER SCHOOL ကျောင်းဆင်းပွဲ) |
| ၁၀:၃၀ | လှပသစ်ဆန်းအလှပြင်ခန်း (Bam Boo Spa) |
| ၁၀:၄၀ | ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) |
| ၁၀:၅၅ | ဇီဝမျိုးစုံမျိုးကွဲပြတိုက် (လှော်ကားဥယျာဉ်) |
| ၁၁:၀၅ | ပုခန်းကြီးရှေးဟောင်းကျောင်းတော်ကြီး |
| ၁၁:၁၅ | ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပျားဘုရင်မမွေးမြူရေး) |
| ၁၁:၃၅ | ထူးထူးခြားခြား သစ်ခေါက်ပန်းချီကား |
| ၁၁:၄၅ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |
| ၁:၀၀ | အစီအစဉ်ပြီး၏။ |

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**





နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး ဆင်မင်းဘိလပ်မြေစက်ရုံဝင်းအတွင်းရှိ တော်ဝင်ပလတ်စတစ်ရက်ထည် အိတ်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

ဆင်အကအဖွဲ့၊ ပန်းဖွားနှင့် ဘင်ခရာအဖွဲ့နှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်**

ရှေးဦးစွာ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် ဆင်မင်းဘိလပ်မြေစက်ရုံ စက်ရုံမှူးကြီးတို့က ဆေးရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ပြည်သူ့ဆေးရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များသည် (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံအတွင်းရှိ အမျိုးသားလူနာကုသဆောင်၊ ခွဲစိတ်ကုသဆောင်၊ အမျိုးသမီးလူနာ ကုသဆောင်နှင့် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**တည်ဆောက်ပေးခဲ့**

အဆိုပါ (၂၅)ခုတင်ဆံ့ပြည်သူ့ဆေးရုံသည် ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်(ချောင်းဆုံဒေသ)၌ တည်ရှိပြီး ဆေးရုံပင်မအဆောက်အအုံမှာ ပေ(၁၆၀×၆၀) ကျယ်ဝန်းပြီး အမျိုးသားလူနာကုသဆောင်နှင့် အမျိုးသမီးလူနာ ကုသဆောင်၊ ခွဲစိတ်ဆောင်နှင့် သားဖွားဆောင်တို့ ပါဝင်သည်။ ဆေးရုံတွင် တာဝန်ခံဆရာဝန်အိမ်၊ လက်ထောက်ဆရာဝန်အိမ်၊ သူနာပြုခြောက်ခန်းတွဲနေအိမ်တို့ပါဝင်ပြီး ချမ်းဟိန်းကုမ္ပဏီက တာဝန်ယူ တည်ဆောက်ပေးခဲ့ခြင်း ဖြစ်သည်။

**တက်ရောက်**

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များသည် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မင်္ဂလာအချိန်တွင် တိုင်းမှူး၊ ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် ဆင်မင်း ဘိလပ်မြေစက်ရုံ စက်ရုံမှူးကြီးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များသည် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ဘုရားကန်တော့ခန်း၊ ဓာတုလက်တွေ့ခန်း၊ ရူပဗေဒလက်တွေ့ခန်း၊ Audio Visual ခန်းနှင့် Computer Room တို့အတွင်း ပညာသင်ကြားနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**အမှာစကားပြောကြား**

ယင်းနောက် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ်နှင့် (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံသစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို စံပယ်ခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်အောင် တည်ဆောက်လျက်ရှိကြောင်း၊ တည်ဆောက်ရာတွင် ဒို့တာဝန်အရေးသုံးပါး ဦးထိပ်ထားပြီး ဦးတည်ချက်(၁၂)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၀၈ခုနှစ်တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကျောက်ဆည်ခရိုင် စက်ရုံစုနယ်မြေရှိ စက်ရုံဝန်ထမ်းများနှင့် ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် (၂၅)ခုတင်ဆံ့ ဆေးရုံတည်ဆောက်ရန်နှင့် နယ်မြေခံလူထု၏ သားသမီးများ လွယ်လင့်တကူ ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းတစ်ကျောင်း တည်ဆောက်ပေးရန် လမ်းညွှန်မှာကြားချက်အရ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ အကောင်အထည်ပေါ်လာပြီဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ ထားရှိသော စေတနာနှင့် ရည်မှန်းချက်အတိုင်း အနာဂတ်ကိုစိုးပိုင်သည့် လူငယ်များအား ပညာရည်မြင့်မားသော လူငယ်များဖြစ်အောင် ဖွင့်လှစ်ပေးသောကျောင်းကို အသုံးပြုပြီး မိဘ၊ ဆရာတို့ပူးပေါင်းကာ ဆောင်ရွက်ပေးရန်လိုကြောင်း၊ လူငယ်များအပါအဝင် ပြည်သူအားလုံး ကျန်းမာသန်စွမ်းသော လူထုဖြစ်စေရေး ကျန်းမာရေးစောင့်ရှောက်မှုကို ဆောင်ရွက်ပေးရန် ရည်ရွယ်ဖွင့်လှစ်စေခဲ့သော ဆေးရုံကို အကျိုးရှိရှိအသုံးချကာ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာသန်စွမ်းသော ပြည်သူများဖြစ်အောင် စောင့်ရှောက်ပေးရန်လိုကြောင်း ပြောကြားပြီး တိုင်းပြည်တွင် ပညာရည်ပြည့်ဝပြီး ကျန်းမာသန်စွမ်းကြံ့ခိုင်သော လူငယ်များနှင့် ပြည်သူများဖြစ်အောင် ဆောင်ရွက်ကြရန် ပြောကြားသွားသည်။ ထို့နောက် တိုင်းမှူးက အမှာစကား ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် ဆင်မင်းဘိလပ်မြေစက်ရုံ စက်ရုံမှူးကြီးက (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံနှင့် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**လွှဲပြောင်းပေးအပ်**

ထို့နောက် စက်ရုံမှူးကြီးက ပြည်သူ့ဆေးရုံ (ဖျောက်ဆိပ်ပင်စက်ရုံစုနယ်မြေ)နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ကျန်းမာရေးဝန်ကြီးဌာနသို့ လည်းကောင်း၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပညာရေးဝန်ကြီးဌာနသို့လည်းကောင်း အသီးသီးလွှဲပြောင်းပေးအပ်သည်။

ယင်းနောက် (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံနှင့် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်တို့ကို ဖွင့်လှစ်ပေးသည့်အတွက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ထုတ်လုပ်သည့် နေမီးအိမ်များကို ကျောင်းအုပ်ဆရာကြီးထံသို့ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယခုဖွင့်လှစ်ခဲ့သည့် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းသည် ပင်မအဆောက်အအုံမှာ ၄၉၆ ပေ × ပေ ၂၀၀ ကျယ်ဝန်းပြီး ကျောင်းအုပ်ကြီး နေအိမ်၊ ဆရာဆရာမဆောင် လေးခန်းတွဲတို့ ပါဝင်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်အဖွဲ့ဝင်များသည် ဆင်မင်းဘိလပ်မြေစက်ရုံဝင်းအတွင်းရှိ တော်ဝင်ပလတ်စတစ်ရက်ထည်အိတ်စက်ရုံသို့ သွားရောက်ပြီး ရနာရီတွင် အိတ်ငါးသောင်း ထုတ်လုပ်နိုင်သည့် စက်ကြီးများဖြင့် စက္ကူပါ ဘိလပ်မြေအိတ်ခွံများ အဆင့်ဆင့်ထုတ်လုပ်နေမှုကိုလည်းကောင်း၊ ကော်ရည်လောင်းစက်ဖြင့် ပီနံအိတ်အစများကို ကော်ရည်လောင်းနေမှုအားလည်းကောင်း၊ ချည်လုံးထုတ်စက်ကြီးများဖြင့် ချည်လုံးထုတ်နေမှု၊ ရက်ကန်းစက်ကြီးများဖြင့် ပီနံအိတ်အစများ ရက်လုပ်နေမှု၊ ထုတ်လုပ်ပြီး ပီနံအိတ်များ သိုလှောင်ထားရှိမှု၊ ပြင်ပလုပ်ငန်းများသို့ ရောင်းချရန်အတွက် အိတ်များထုတ်လုပ်နေမှုနှင့် နမူနာအိတ်များ ထုတ်လုပ်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

**အရည်အသွေးပြည့်မီ**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့် အဖွဲ့ဝင်များသည် အမှတ်(၂) ဆင်မင်းဘိလပ်မြေစက်ရုံ ထုပ်ပိုးဌာနများ၌ ထုပ်ပိုးစက်ကြီးများဖြင့် ဘိလပ်မြေများကို အိတ်ခွံများအတွင်း ထည့်သွင်းနေမှု၊ ထည့်သွင်းထုပ်ပိုးပြီး ဘိလပ်မြေအိတ်များကို စနစ်တကျ သိုလှောင်ထားရှိမှုနှင့် ဘိလပ်မြေအိတ်များ အလေးချိန် ပြည့် မပြည့် ကတ္တားဖြင့် အလေးချိန်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား အရည်အသွေးပြည့်မီစေရေးနှင့် အလေးချိန်မှန်ကန်စေရန်အတွက် စနစ်တကျဆောင်ရွက်ကြရန် မှာကြားသည်။ **(သတင်းစဉ်)**



ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာရှိ အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်း ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၃၇၂ ခုနှစ်၊ နယုန်လကွယ်နေ့ (ဥပုသ်နေ့)**
**၁၁-၆-၂၀၁၀ (သောကြာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၁၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၃၀ ၈။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ အတီးပြိုင်ပွဲ
၈း၅၀ ၁၁။ **အရေးကြီးလို့ပါ**
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၂၀ ၃။ အကပြိုင်ပွဲ
၄း၂၅ ၄။ နှောင်းခေတ် တေးပဒေသာ
၄း၃၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာ၊ အိမ်တွင်းစီးပွား၊ ပြည်သူ့ရေးရာအထူးပြုများ) (စီးပွားရေးပညာ)
၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၅၅ ၇။ မြန်မာစာ၊ မြန်မာစကား
၅း၀၅ ၈။ တေးဂီတအစီအစဉ်
၅း၂၀ ၉။ လယ်ယာစီးပွား ဖွံ့ဖြိုးတိုးတက်နေ မန့်ဟီးရိုးမြို့နဲ့ နမ့်ခမ်းမြို့နယ်မြေ
၅း၃၀ ၁၀။ ရိုးသားဖြူစင် ကလေးတို့အသွင်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ ရှသစုံလင် အင်တာနက်ဥယျာဉ်
၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆုးလွှမ်းသောချစ်နှင်းဆီ** (ဒုတိယပိုင်း) (အပိုင်း-၉)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှင်းဆီရောင်ဘဝ** (အပိုင်း-၂၃)
၁၉။ သီချင်းချစ်သူ **(ချောစုခင်)**
၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်း တရားတော်
၂၁။ အစီအစဉ်ပြီး၏။

## မှတ်သားဖွယ်ရာမိုးရေချိန်များ

**၁၀-၆-၂၀၁၀**

**စစ်တွေမြို့**
၂ ဒသမ ၁၆ လက်မ
**လှိုင်လင်မြို့**
၂ ဒသမ ၁၆ လက်မ
**ရွှေကျင်မြို့**
၁ ဒသမ ၆၉ လက်မ
**ညောင်လေးပင်မြို့**
၁ ဒသမ ၅၇ လက်မ



ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲ

# ဂါဇာသို့ သွင်းလာသမျှပစ္စည်းကို အစ္စရေး စစ်ဆေးခွင့်ရှိဟု ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲ ပြောကြား

လန်ဒန် ဇွန် ၁၀

ဂါဇာကမ်းမြောင်ရှိ ပါလက်စတိုင်းပြည်သူများအား ကူညီထောက်ပံ့မည့် သင်္ဘောအုပ်စုကို အစ္စရေးရေတပ်က တိုက်ခိုက်သည့်ကိစ္စ နိုင်ငံတကာစုံစမ်းစစ်ဆေးမှု လက်ခံရေး အစ္စရေးအား ဖိအားပေးချိန်တွင် ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲက အစ္စရေးဘက်မှ ဇွန်၈ရက်တွင် ရပ်တည်ပြောကြားလိုက်သည်။

## ပြောကြား

အစ္စရေးနိုင်ငံ၌ မိမိကိုယ်ကိုကာကွယ်ပိုင်ခွင့်ရှိကြောင်း၊ ဂါဇာကမ်းမြောင်မှ ဒုံးကျည်များဖြင့် ပစ်ခတ်မှုနှင့်တကွ အပြစ်မဲ့အစ္စရေးပြည်သူများကို သတ်လိုသည့်သူများ ဂါဇာကမ်းမြောင်၌ ရှိနေသည်ဆိုခြင်းမှာ မေးစရာပင်မလိုကြောင်း တိုနီဘလဲက ပြောကြားသည်။

## စစ်ဆေး

ထို့ကြောင့် လုံခြုံရေးကိစ္စနှင့် ပတ်သက်လာလျှင် အစ္စရေး၏ ရပ်တည်ချက်ကို မိမိအပြည့်အဝထောက်ခံကြောင်း၊ ဂါဇာကမ်းမြောင်သို့ တင်သွင်းလာသမျှပစ္စည်းကို အစ္စရေးအနေဖြင့် စစ်ဆေးခွင့်ရှိကြောင်း တိုနီဘလဲက ထည့်သွင်းပြောကြားလိုက်သည်။ **(အင်တာနက်)**

# ရာဖာနယ်စပ်ဖြတ်ကူးလမ်း အီဂျစ်အစိုးရ အကန့်အသတ်မရှိ ဖွင့်ပေး

ကိုင်ရို ဇွန် ၁၀

အီဂျစ်က ဂါဇာကမ်းမြောင်နှင့် ထိစပ်နေပြီး ကာလအတန်ကြာ ပိတ်ထားခဲ့သည့် နယ်စပ်ဖြတ်ကူးလမ်းကို အကန့်အသတ်မရှိ ဖွင့်ထားမည်ဖြစ်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

## ပိတ်ဆို့ထား

ပါလက်စတိုင်းလူမျိုး ၁ဒသမ ၅သန်း နေထိုင်သည့် လူဦးရေထူထပ်သော ကမ်းရိုးတန်းဒေသသည် ယခုထက်တိုင် ပိတ်ဆို့ထားခံရဆဲ ဖြစ်သည်။

## ဖွင့်ပေး

ဂါဇာကမ်းမြောင်တောင်ပိုင်းရှိ ရာဖာနယ်စပ်ဖြတ်ကူးလမ်းကို အီဂျစ်အာဏာပိုင်များကလည်း အစ္စရေးနည်းတူ ပိတ်ထားခဲ့သည်။ သို့ရာတွင် အစ္စရေးက ပါလက်စတိုင်း အကူအညီပေးသင်္ဘောအုပ်စုကို မေ၃၁ရက်က တိုက်ခိုက်ပြီးနောက် ယင်းဖြတ်ကူးလမ်းကို ချက်ချင်းဖွင့်ပေးခဲ့သည်။

ရာဖာဖြတ်ကူးလမ်းကို နောက်ထပ်ကြေညာချက်မထုတ်ပြန်မီအထိ ဆက်လက်ဖွင့်ထားမည်ဟု ဆိုသည်။ **(အင်တာနက်)**

# အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး ဆီးရီးယားနှင့် ဘီလာရုဇ် တွေ့ဆုံဆွေးနွေး

ဒမတ်စကတ် ဇွန် ၁၀

ဆီးရီးယားသမ္မတ ဘာရှာအယ်လ်-အာဆတ်နှင့် အလည်အပတ်ရောက်ရှိနေသော ဘီလာရုဇ်နိုင်ငံခြားရေးဝန်ကြီး ဆာဂျီမာတီနော့ဗ်တို့သည် နှစ်နိုင်ငံဆက်ဆံရေးနှင့် စပ်လျဉ်း၍ ဇွန် ၈ရက်တွင် ဒမတ်စကတ်မြို့၌ တွေ့ဆုံဆွေးနွေးကြကြောင်း ဆာနာသတင်းဌာနက ထုတ်လွှင့်သည်။ နှစ်နိုင်ငံအနေဖြင့် စက်မှုလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် ပညာရေးလုပ်ငန်းတို့တွင် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍသစ်များ ဖွင့်လှစ်ရန် ဆန္ဒရှိကြသည်ဟု ဆိုသည်။

ထို့ပြင် ဆီးရီးယားနိုင်ငံ၏ ဒေသတွင်းလုံခြုံရေးနှင့် တည်ငြိမ်ရေးတိုးမြှင့်ဆောင်ရွက်မှုအောင်မြင်စေရန် ဘီလာရုဇ်အစိုးရက မျှော်လင့်ကြောင်း ဘီလာရုဇ် နိုင်ငံခြားရေးဝန်ကြီး ဆာဂျီမာတီနော့ဗ်က ထုတ်ဖော်ပြောကြားသည်။

## မေတ္တာရပ်ခံ

နှစ်နိုင်ငံအကျိုးတူ ပြဿနာရပ်များနှင့် စပ်လျဉ်းသည့် ပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်းတိုင်ပင်မှုတို့ကို ဆက်လက်ဆောင်ရွက်သွားရန်လည်း ဆာဂျီမာတီနော့ဗ်က မေတ္တာရပ်ခံသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# အီရန်၏ နျူကလီးယား ကြေညာချက် ဘက်မလိုက်အဖွဲ့ ထောက်ခံ

တီဟီရန် ဇွန် ၁၀

အီရန်နိုင်ငံအနေဖြင့် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုနိုင်ခွင့်ရှိကြောင်း အဖွဲ့ဝင် ၁၁၈ နိုင်ငံပါ ဘက်မလိုက်လှုပ်ရှားအဖွဲ့(နမ်)က ဇွန်၈ရက်၌ ထပ်မံပြောကြားသည်။

## ပေးပို့

နမ်က အီရန်၏နျူကလီးယားစွမ်းအင်အစီအစဉ်ကို ထောက်ခံကြောင်း ဖော်ပြထားသည့် စာတစ်စောင်ကို နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ) အကြီးအကဲထံသို့ ပေးပို့ထားသည်။

## ထောက်ခံ

အီရန်အပါအဝင်နိုင်ငံများအနေဖြင့် အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုနိုင်သည့် အခြေခံအခွင့်အရေးရှိသည်ဟု အိုင်အေအီးအေက ပြောကြားသည်။ အီရန်က ပြီးခဲ့သည့်လအတွင်း၌ လက်မှတ်ရေးထိုးခဲ့သည့် နျူကလီးယားဖလှယ်ရေး အစီအစဉ် ပါဝင်သော ကြေညာချက်ကိုလည်း နမ်က ထောက်ခံသည်ဟု ပြောကြားသည်။ **(အင်တာနက်)**



တရုတ်နိုင်ငံ စင်ကျန်းယုဂ္ဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရှိ ပင်လယ်ဖြတ်ကျော် ရထားလမ်းတည်ဆောက်မှုစီမံကိန်းလုပ်ငန်းခွင်ကို ဇွန်၁၀ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)



## ရေကြောင်း ထုတ်ကုန်ပြပွဲ

ဂရိနိုင်ငံ အေသင်မြို့၌ ကျင်းပသည့် ကမ္ဘာ့အကြီးဆုံးသော ပင်လယ်ရေကြောင်း ထုတ်ကုန်ပြပွဲ၌ခရီးသွားများ လာရောက်ကြည့်ရှု လေ့လာနေသည်ကို ဇွန်၁၀ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

# ၂၀၁၀နိုင်ငံတကာအရေးပေါ်ဆေးဝါးညီလာခံ စင်ကာပူ၌ ကျင်းပ

စင်ကာပူ ဇွန် ၁၀

၂၀၁၀ နိုင်ငံတကာ အရေးပေါ်ဆေးဝါးညီလာခံကို စင်ကာပူနိုင်ငံ၌ ဇွန်၉ရက်၌ စတင်ကျင်းပသည်။

## ပြောကြား

စင်ကာပူနိုင်ငံ အရေးပေါ်စီမံကိန်းနှင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်း ပြင်ဆင်ထားရှိမှုကို များစွာအလေးထားကြောင်း စင်ကာပူ လူမှုဖွံ့ဖြိုးရေး၊ လူငယ်ရေးရာနှင့် အားကစားဝန်ကြီး ဗီဗင်နဲဘာလာရစ်ရှန်နန်က အဆိုပါညီလာခံဖွင့်ပွဲ အခမ်းအနား၌ ပြောကြားသည်။

## ရှင်းလင်း

စင်ကာပူနိုင်ငံ၌ လွန်ခဲ့သည့်နှစ်ပေါင်း၆၀ကျော် ၁၉၄၈ခုနှစ်မှစတင်ကာ ပြည်သူ့ဆေးရုံ၌ ပြင်ပလူနာအရေးပေါ်ကုသရေးဌာနကို ဖွင့်လှစ်ခဲ့သည်ဟု ၄င်းက ရှင်းလင်းပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# ပါကစ္စတန်ရှိ စစ်သွေးကြွများ ချောင်းမြောင်းရေးစီမံကိန်း ကန်စစ်ဌာနချုပ်စီစဉ်နေ

ဝါရှင်တန် ဇွန် ၁၀

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ တာလီဘန် လိုလားသော စစ်သွေးကြွများအား ထိုးစစ်ဆင်တိုက်ခိုက်ရာတွင် မောင်းသူမဲ့လေယာဉ်များ သုံးစွဲမှုကို အစားထိုးမည့် စီမံကိန်းချမှတ်ရန် အမေရိကန်စစ်ဌာနချုပ်က စီစဉ်နေလျက်ရှိသည်။

အမေရိကန်လေတပ်က အမ်စီ-၁၂ လစ်ဘာတီအမည်ရှိ လူလေးဦးစီး အင်ဂျင်စက်နှစ်လုံးတပ် လေယာဉ်သစ်အသုံးပြုရန် လေတပ်တပ်ဖွဲ့ဝင်များအား သင်တန်းပေးရန် စီစဉ်နေသည်ဟု ဒွန်းသတင်းဌာနက ဇွန် ၇ရက်၌ ဖော်ပြသည်။

## စီစဉ်

စစ်သွေးကြွများအား စစ်ဆင်နွှဲတိုက်ခိုက်ရာတွင် မောင်းသူမဲ့လေယာဉ်များကို မဆင်မခြင် အသုံးပြုခြင်းကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ဖော်ပြပါအတိုင်း စီစဉ်ရခြင်းဖြစ်သည်ဟု ဆိုသည်။

အမေရိကန်က မောင်းသူမဲ့လေယာဉ်များအသုံးပြုပြီး ပါကစ္စတန်နိုင်ငံအတွင်း တိုက်ခိုက်မှုသည် နိုင်ငံတကာဥပဒေစိုးမိုးမှုကို စိန်ခေါ်ခြင်းဖြစ်သည်ဟု ကုလသမဂ္ဂမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

# အာဖဂန်နစ္စတန်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၁၀၀၁ဦး ရှိသွားပြီဖြစ်

ကဘူးလ် ဇွန် ၁၀

**အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းဒေသတွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ဇွန်၈ရက်က သေဆုံးကြောင်း အာဖဂန်နစ္စတန်နိုင်ငံ၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၁၀၀၀ ကျော် ရှိသွားပြီဖြစ်ကြောင်း အင်တာနက်သတင်း၌ ဇွန်၉ရက်တွင် ဖော်ပြသည်။**

## ဖော်ပြ

နှစ်ရက်အတွင်းမှာပင် လမ်းဘေးဗုံးဖောက်ခွဲခံရသဖြင့် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ဖော်ပြပါနှစ်ဦးနှင့်ဆိုလျှင် ကိုးဦးရှိပြီဖြစ်ကြောင်း လပေါင်း ၁၀၄ လအတွင်း စုစုပေါင်းသေဆုံးသူသည် ၁၀၀၁ဦး ရှိပြီဖြစ်သည်ဟု စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

## သေဆုံးနှုန်း

အာဖဂန်နစ္စတန်နိုင်ငံတွင် နေ့စဉ်သေဆုံးသူ ပိုမိုများပြားလာသည်ဟု စီအင်န်အင်န်က ဖော်ပြသည်။ ၂၀၀၁ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ သေဆုံးမှုနှုန်းသည် တစ်နှစ်အတွင်း လူ ၁၀၀အထိ မရှိခဲ့ပေ။

## မြင့်မား

သို့ရာတွင် ၂၀၀၇ခုနှစ်တွင် သေဆုံးသူနှုန်း စတင်မြင့်မားလျက်ရှိရာ ပြီးခဲ့သည့်နှစ်အတွင်း လူ ၃၀၀ကျော်အထိ ရှိခဲ့သည်။ ထိုကဲ့သို့ ဆက်လက်မြင့်မားနေပါက ၂၀၁၀ခုနှစ်သည် အာဖဂန်စစ်ပွဲကြောင့် သေဆုံးမှုနှုန်း အများဆုံးနှစ်ဖြစ်နိုင်သည်။ **(အင်တာနက်)**

## ဗုံးဖောက်ခွဲ

**အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့ရှိ ရဲသင်တန်းကျောင်း၌ အသေခံဗုံးသုံးလုံး ဖောက်ခွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇွန်၁၀ရက်က တွေ့ရစဉ်။**
(အင်တာနက်ဓာတ်ပုံ)





# နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

## အိန္ဒိယအရှေ့ပိုင်း၌ ရထားခရီးစဉ်ပြန်ရုပ်သိမ်း

*အိန္ဒိယနိုင်ငံအရှေ့ပိုင်း ကိုလ်ကတ္တားမြို့အနီးရောက်ရှိနေသော ခရီးသည်တင်ရထားတစ်စင်းအား တိုက်ခိုက်မည့်သတင်းရရှိသဖြင့် ခရီးစဉ်ပြန်ရုပ်သိမ်းရန် အိန္ဒိယရထားလုပ်ငန်းအရာရှိများက ဇွန် ၁၀ရက်တွင် ဆုံးဖြတ်လိုက်ရကြောင်း အိန္ဒိယရဲတပ်ဖွဲ့က ပြောကြားသည်။*

## ဗင်နွာတူကမ်းလွန်၌ ငလျင်လှုပ်

*ဗင်နွာတူနိုင်ငံ မြို့တော် ပို့ဗီလာမှ ၁၅၅ကီလိုမီတာအကွာ ကမ်းလွန်၌ ဇွန် ၁၀ရက် နံနက်က ရစ်ချ်တာစကေး ၆ရှိသော အင်အားပြင်းငလျင်လှုပ်သွားကြောင်း၊ ဆူနာမီသတိပေးချက် ထုတ်ပြန်ခြင်းမရှိကြောင်း ဗင်နွာတူအရာရှိများက ပြောကြားသည်။*

## အာဖဂန်တောင်ပိုင်း၌ ကန်စစ်ရဟတ်ယာဉ်ပစ်ချခံရ

*အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် တာလီဘန်လက်နက်ကိုင်များက အမေရိကန် စစ်ရဟတ်ယာဉ်တစ်စင်းကို ဇွန် ၁၀ရက်ကပစ်ချခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့ကြောင်း အာဖဂန်စစ်ဘက်အရာရှိများက ပြောကြားသည်။*

## ကမ္ဘောဒီးယား၌ ရေလွှမ်းမိုးမှုမှကာကွယ်ရေးစီစဉ်

*ကမ္ဘောဒီးယားနိုင်ငံ၏ သစ်တောစိုက်ခင်းဟက်တာ ၆၀၀၀၀၀ကို နှစ်စဉ်ရေလွှမ်းမိုးမှုမှကာကွယ်ရန် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ တွန်လီဆက်ရေအိုင်ကြီး ပတ်လည်တွင် ရေကာတမံများပြုလုပ်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားအရာရှိများက ဇွန် ၁၀ရက်၌ ပြောကြားသည်။*

## ကမ္ဘာ့ငွေကြေးဈေးကွက်၌ ဒေါ်လာဈေးနှုန်းကျဆင်း

*ကမ္ဘာ့ငွေကြေးဈေးကွက်၌ အမေရိကန်ဒေါ်လာဈေးနှုန်းများ ကျဆင်းလျက်ရှိရာ ဂျပန်ငွေကြေး ဈေးကွက်၌ ဇွန် ၁၀ရက်က ဂျပန်ယန်းငွေ ၉၁ယန်းလျှင် အမေရိကန်တစ်ဒေါ်လာဖြစ်နေကြောင်း ဂျပန်ငွေကြေးအရာရှိများက ပြောကြားသည်။*

## တရုတ်-ပါကစ္စတန်နယ်စပ်၌ မြေပြိုမှုဖြစ်ပွား

*တရုတ်နှင့် ပါကစ္စတန်နိုင်ငံ နယ်စပ်အဝေးပြေးလမ်းမတွင် ဇွန် ၁၀ရက် နံနက်က မြေပြိုမှုဖြစ်ပွားရာ မော်တော်ယာဉ်အစီး ၂၀၀ခန့်ရပ်ဆိုင်းထားရကြောင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့်ဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။*

## အယ်လ်ခိုင်ဒါနှင့်ဆက်စပ်သူများ ယီမင်၌ဖမ်းဆီး

*ယီမင်နိုင်ငံတွင် အကြမ်းဖက်မှုနှိမ်နင်းရေးဆောင်ရွက်ရာ၌ အယ်လ်ခိုင်ဒါအဖွဲ့နှင့်ဆက်နွှယ်သူဟု သံသယရှိသည့် နိုင်ငံခြားသား ၆ဝကို ယီမင်လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၁၀ရက်၌ ဖမ်းဆီးလိုက်ကြောင်း ယီမင်ရဲတပ်ဖွဲ့က ပြောကြားသည်။*

## ဗီယက်နမ်အရှေ့တောင်ပိုင်း၌ ရေအားလျှပ်စစ်စီမံကိန်းခွင့်ပြု

*ဗီယက်နမ်နိုင်ငံအရှေ့တောင်ပိုင်းတွင် အမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့် အကုန်အကျခံတည်ဆောက်မည့် ဓာတ်အားမဂ္ဂါဝပ် ၂၄၀၀ ထုတ်လုပ်နိုင်သော စီမံကိန်းတစ်ရပ်ကို ဗီယက်နမ်အစိုးရက ဇွန် ၁၀ရက်၌ ခွင့်ပြုလိုက်ကြောင်း သတင်းထုတ်ပြန်သည်။*

## တောင်ကိုရီးယားက နာရို-၁ ဒုံးပျံလွှတ်တင်ပြီး ပျက်ကျ



*တောင်ကိုရီးယားနိုင်ငံက နာရို-၁ ဒုံးပျံကို ဇွန် ၁၀ရက် ဒေသစံတော်ချိန် ညနေ ၅နာရီ၁မိနစ်က လွှတ်တင်ခဲ့ရာ လွှတ်တင်ပြီး ၁၃၇စက္ကန့်အကြာ၌ ပျက်ကျခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံ အာကာသသိပ္ပံပညာရှင်များက ပြောကြားသည်။* **(အေပီ)** **(အင်တာနက်)**



# ရန်ကုန်မြို့၌ ORCHID HOTEL ဖွင့်လှစ်

**ရန်ကုန် ဇွန် ၁၀**

ORCHID HOTEL ဖွင့်ပွဲအခမ်းအနားကို ဇွန် ၉ရက် နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အနော်ရထာလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းထောင့်ရှိ အဆိုပါ ဟိုတယ်ရှေ့၌ကျင်းပရာ တာဝန်ရှိသူများက ဟိုတယ်ကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ORCHID HOTEL မှ မန်နေဂျင်းဒါရိုက်တာ ဦးဌေးအောင်(ဝဲပုံ)က ဟိုတယ်ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။ ထို့နောက် C.E.H National Holding Ltd., Singapore မှ ဒါရိုက်တာအဖွဲ့ဝင် Mr. Ee Yong Peng က ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါဟိုတယ်၌ Superior Double/ Twin Room, Single Room, Suite, Junior Suiteနှင့် Executive Suite အခန်းပေါင်း ၁၀၂ခန်းပါဝင်ပြီး International Cuisine၊ အိုင်ဒီဒီတယ်လီဖုန်းစနစ်၊ Mini Bar နှင့် Laundry and Valet Services တို့ပါရှိပြီး လာရောက်တည်းခိုသူများ လုံခြုံအေးချမ်းစွာအနားယူ နေထိုင်နိုင်ရေးအတွက် ၂၄နာရီပတ်လုံး လုံခြုံရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ထားသည်။ အသေးစိတ်သိရှိလိုက ORCHID HOTEL ဖုန်း-၃၉၉၉၃၀၊ ၇၀၄၇၄၀ နှင့်၂၉၃၂၆၁တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



ဒေါက်တာလှဖေနှင့် ဒေါ်ဝင်းဝင်းသန်းတို့အား အမှူးထား၍ သမီး **Dr. Sandra Lee** က ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဇဟိုသို့ အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ နာယက ဗိုလ်မှူးချုပ်အောင်ဘယ်လ်(ငြိမ်း)က လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

# ဈေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲ မြစ်ကြီးနားခရိုင်၌ ကျင်းပ

မြစ်ကြီးနား ဇွန် ၁၀

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၂၁ရက် နံနက် စနာရီက မြစ်ကြီးနားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြည်ထောင်စု ကော်မရှင်အဖွဲ့ဝင် ဦးအင်ဇော်နော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ကချင်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### ဆွေးနွေးပို့ချ

ဆက်လက်၍ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင် ဦးအင်ဇော်နော်၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ခွဲဝင်များက ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များအား ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးပို့ချကြသည်။

(ခရိုင် ပြန်/ဆက်)

# ငါးလုပ်ငန်းပညာပေးဟောပြောပွဲနှင့် ပိုစတာစိုက်ထူပွဲ ကျောင်းကုန်း၌ ကျင်းပ

**ကျောင်းကုန်း ဇွန် ၁၀**

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ်အတွင်း ငါးသယံဇာတများ မပြုန်းတီးစေရေးနှင့် စဉ်ဆက်မပြတ်ငါးထုတ်လုပ်နိုင်ရေးတို့အတွက် ငါးလုပ်ငန်းဆိုင်ရာ ပညာပေးဟောပြောပွဲနှင့် ပိုစတာများစိုက်ထူပွဲအခမ်းအနားကို မေ ၂၇ရက် နံနက် ၁၀နာရီခွဲက လှည်းဆိပ်ကျေးရွာ အထက်တန်းကျောင်းခွဲ၌ ကျင်းပသည်။

### ပိုစတာများစိုက်ထူ

အခမ်းအနားတွင် မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးသိန်းဦး (ဝဲပုံ)က ငါးသယံဇာတများ ပြုန်းတီးမှုမရှိစေရန် ငါးရစ်ငါးသန်များ ဖမ်းဆီးမှုမပြုကြရေး၊ အဆိပ်၊ ကျဉ်စက်၊ မိုင်းတို့ အသုံးပြု၍ ငါးဖမ်းဆီးမှုမပြုကြရေးနှင့် ငါးလုပ်ငန်းဆိုင်ရာဥပဒေများ လေးစားလိုက်နာကြစေရေး ပညာပေးဟောပြောပြီး လှည်းဆိပ်ကျေးရွာ အဝင်လမ်းနှင့် ဘူတာလမ်းဆုံတို့တွင် ပညာပေးပိုစတာများ စိုက်ထူသည်။ **(မြို့နယ် ပြန်/ဆက်)**



# အဆို၊ အက၊ အတီး သင်တန်းဆင်း

*ပခုက္ကူ ဇွန် ၁၀*

*မကွေးတိုင်း ပခုက္ကူခရိုင် နွေရာသီ အဆို၊ အက၊ အတီး သင်တန်းဆင်းပွဲကို မေ ၁၆ရက်က ပခုက္ကူမြို့ အထက(၂) ကျောင်း ပိတောက်ဆောင်၌ ကျင်းပရာ ခရိုင်အတွင်းရေးမှူး ဦးစန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။* **(၀၇၀)**

# သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး မင်္ဂလာတောင်ညွန့်မြို့နယ်၌ ဆောင်ရွက်

**ရန်ကုန် ဇွန် ၁၀**

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လှုပ်ရှားဆောင်ရွက်မှုအဖြစ် ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဇွန် ၅ရက်မှစတင်ကာ မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ အင်အား ၁၀၀၀ ကျော်က ရပ်ကွက်ပေါင်း ၂၀ရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း ၃၀တို့တွင် ကျောင်းပတ်ဝန်းကျင်ရှိ ချုံနွယ်သစ်ပင်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရန် ရေမြောင်းများဆယ်ယူခြင်း၊ ရေစည် ရေအိုးများအတွင်း ပိုးလောက်လမ်းများဖယ်ရှားခြင်းနှင့် ကျောင်းဝန်းကျင်တွင် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ကြသည်။

### ခုတ်ထွင်ရှင်းလင်း

ထို့အပြင် လူမှုဝန်ထမ်း ဦးစီးဌာန မူလတန်းကြိုကျောင်းဝင်းအတွင်း ရပ်ကွက်ဥက္ကဋ္ဌ ဦးဌေးဦးနှင့် လူမှုရေးအဖွဲ့အစည်းများက ချုံနွယ်သစ်ပင်များ ခုတ်ထွင်ရှင်းလင်းကြသည်။ **(ယာပုံ)**

မူလတန်းကြိုကျောင်းများတွင် ခန်းဆီးလိုက်ကာများ၊ ခြင်ထောင်များကို ဆေးစိမ်ဆောင်ရွက်ကြသည်။ သက်ဆိုင်ရာနယ်မြေအလိုက် ရပ်ကွက်ဥက္ကဋ္ဌများ ပါဝင်ဆောင်ရွက်နေမှုများကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်ငြိမ်း၊ အတွင်းရေးမှူးဦးစိုးလှိုင်ဦး၊ မြို့နယ်ကျန်းမာရေးဦးစီးအရာရှိ ဒေါက်တာဒေါ်ခင်အေးရီနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ခိုင်ရွှေညွန့်တို့ လိုက်လံကြည့်ရှုအားပေး ပါဝင်ကြီးကြပ်ဆောင်ရွက်ကြသည်။ (၁၂၃)



မေ၂၅ရက်က မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရေစီးရေလာကောင်းမွန်ရေးအတွက် ပြည်ထောင်စုလမ်းမကြီး လမ်းဘေးဝဲယာရှိ ရေမြောင်းဆယ်ယူမှုကို ဒုတိယဦးစီးမှူး(သန့်) ဦးဘရန်ဆိုင်း ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)



# သောက်သုံးရေရရှိရေး စက်ရေတွင်းများတူးဖော်နေမှု

## တိုင်းမှူး ဗိုလ်ချုပ်လှမင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၀

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂ရက်က သနပ်ပင်မြို့နယ် ဘုရားကြီးပိုင်းရပ်ကွက်သို့ရောက်ရှိပြီး သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် စက်ရေတွင်းတူးဖော်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးအား မြို့နယ်ဥက္ကဋ္ဌက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

### ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် တိုင်းမှူးသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ သောက်သုံးရေရရှိမှု အခြေအနေများကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကဝမြို့နယ် ပေါက်ကုန်းကျေးရွာအုပ်စု သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် စက်ရေတွင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်တိုင်းမှူးအား တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းမှူးသည် ပဲခူးမြို့ ဥသျှောမြို့သစ်ရှိ ဥသျှောသစ်တောမျိုးဥယျာဉ်သို့ ရောက်ရှိစစ်ဆေးရာ ရှေးဦးစွာ ရှင်းလင်းဆောင်တွင် တိုင်းမှူးအား ပဲခူးတိုင်း(အရှေ့) သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက သစ်တောမျိုးဥယျာဉ်အတွင်း ရတနာတန်းဝင်နှင့် အရိပ်ရ လေကာပျိုးပင်မျိုးစုံ ပျိုးထောင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူးသည် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များအား လှည့်လည်ကြည့်ရှု စစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ရေကြည်မြို့နယ် ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ဧရာဝတီတိုင်း၌ မြို့နယ်နှင့် တိုက်နယ်ပြည်သူ့ဆေးရုံများ

## ဝန်ကြီး ဒေါက်တာကျော်မြင့် လှည့်လည်ကြည့်ရှု စစ်ဆေး

နေပြည်တော် ဇွန် ၁၀

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဇွန် ၆ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ပြည်သူ့ဆေးရုံ၌ အမျိုးသားဆေးကုသဆောင်၊ အမျိုးသမီးဆေးကုသဆောင်၊ သွားနှင့်ခံတွင်းကုသဌာန၊ ဓာတ်မှန်ဆောင်၊ ဆေးရုံအတွင်း ရေပေးဝေမှုစနစ် တည်ဆောက်ထားရှိမှုများ၊ ဝန်ထမ်းများအိမ်ရာနှင့် ဆေးသိုလှောင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာအေးကိုကိုနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။**

### ကြိုးပမ်းဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံကာ ဆေးရုံကို ပြည်သူများ အဓိက အားကိုးလာစေရန် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်ကြပြီး လိုအပ်ချက်များကို ဝိုင်းဝန်းဖြည့်ဆည်းသွားကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဟင်္သာတမြို့နယ် ရှားခဲတိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

### အမှာစကားပြောကြား

ဆက်လက်၍ ကျုံပျော်မြို့နယ် အထောင်တိုက်နယ်ဆေးရုံသို့ ရောက်ရှိ၍ ဆေးရုံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားကာ ကြီးကြပ်မှုကော်မတီဝင်များ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြားခဲ့သည်။

ထို့နောက် ဝန်ကြီးသည် ညနေပိုင်းတွင် ရေကြည်မြို့နယ် ပြည်သူ့ဆေးရုံသို့ လည်းကောင်း၊ ရေကြည်မြို့နယ် အသုတ်တိုက်နယ် ပြည်သူ့ဆေးရုံသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး အသုတ်တိုက်နယ်ပြည်သူ့ဆေးရုံ၌ ဆေးရုံကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ဆေးရုံပြုပြင်ထိန်းသိမ်းရေးနှင့် ဆေးရုံလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးကာ အခြေခံဝန်ထမ်းများ၏ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရန် ဆေးရုံပိုင် လယ်မြေများကို စိုက်ပျိုးရေးလုပ်ငန်း စီစဉ်ဆောင်ရွက်ထားရှိသွားရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

### ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဇွန် ၇ရက် နံနက် ၈နာရီတွင် ပန်းတနော်မြို့နယ် အင်းမတိုက်နယ်ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးသေနှုန်းပိုမိုကျဆင်းရေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်နေမှုကို ဆက်လက်ထိန်းသိမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း

## ဆောက်လုပ်ရေးဒုတိယဝန်ကြီး ဦးတင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် ဇွန် ၅ရက် နံနက်ပိုင်းက တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်း မိုင်တိုင်အမှတ်(၁၈/၀)ရှိ လမ်း စခန်းရှင်းလင်းဆောင်အနီး၌ (Camber Board) လျှောစောင်းချိန်ကိုက်တံနှင့် ရေချိန်အသုံးပြု၍ လမ်းအင်္ဂါရပ် ပြည့်မီစေရန် လမ်းခင်းကြိတ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း(ရန်ကုန်)

## ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၀

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း(ရန်ကုန်) အမှုဆောင် ပါမောက္ခ ဦးမော်သန်းက လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန်လိုအပ်သော MFRS For SMEs (Part-V1) ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဇွန် ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

### စာရင်းပေးရမည်

ဟောပြောပွဲ တက်ရောက်သူသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ပြီး ဟောပြောပွဲ တက်ရောက်ရန်အတွက် ဇွန် ၂၃ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း (အမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းပေးရမည်ဖြစ်သည်။

စာရင်းသွင်းရာတွင် အသင်းဝင်အမှတ်၊ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ် အမှတ်(ရှိလျှင်)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ဖော်ပြပေးရန်လိုကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲသင်တန်းသား သင်တန်းသူများအနေဖြင့် ဟောပြောပွဲ တက်ရောက်လိုပါက သတ်မှတ်ရက် မတိုင်မီ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း(ရန်ကုန်)ရုံးခန်း၌ စာရင်းပေးသွင်းနိုင်သည်။ **(မြန်မာ့အလင်း)**

# ဧရာဝတီတိုင်း စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး

## ပုသိမ်တွင် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

ပုသိမ် ဇွန် ၁၀

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် ဧရာဝတီတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ခြံ၊ မြို့နယ်ခွဲအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ဇွန် ၇ရက် နံနက် ၉နာရီက ဧရာဝတီတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ဆွေးနွေးတင်ပြ

ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာများက စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြပြီး ဧရာဝတီတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးမြင့်သိန်းက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **(အောက်ပုံ)**

**(ခရိုင် ပြန်/ဆက်)**



# ပညာသင်စရိတ်

ဇွန် ၈ရက်က ကျင်းပသည့် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၁၀ ပညာသင်နှစ်အတွက် ဝန်ထမ်းသား သမီးများအား ပညာသင်စရိတ်ပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှသောင်း ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်နှင့် ဝတ်စုံ၊ ထီး၊ ကျောပိုးအိတ်၊ စာရေးကိရိယာများ ပေးအပ်စဉ်။

(သတင်းစဉ်)

သစ်တောနဲ့ သစ်ပင်

ချင်ခင်တဲ့လူမျိုး

သစ်ပင်ကို နှစ်စဉ်စိုက်

ရှေ့တိုက်ကိုစိုး

# ရန်ကုန်-မြိတ် လမ်းလုပ်ငန်းဆောင်ရွက်မှု တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၀

**မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၃၁ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ အခြေခံပညာအထက်တန်းကျောင်းများတွင် ကျောင်းသုံး ဗလာစာအုပ်နှင့် စာရေးကိရိယာများပေးအပ်ပြီး အလှူရှင်များက ကျောင်းအတွက် အလှူငွေပေးနေမှုကို ကြည့်ရှုအားပေးသည်။**

## ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးသည် ကျောင်းနေ အရွယ်ကလေးများ ကျောင်းအပ်နှံနေမှုကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၂ရက် နံနက်ပိုင်းက သထုံမြို့နယ် မိုးစပါး ထွန်ယက်စိုက်ပျိုးပွဲ အခမ်းအနားသို့တက်ရောက်ရာ တာဝန်ရှိသူ များက စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

## မှာကြား

ထို့နောက် တိုင်းမှူးသည် ရန်ကုန်-မြိတ် လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူ များအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် သိမ်ဆိပ် ကျေးရွာစာကြည့်တိုက်အဆောက်အအုံနှင့် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် ဝီယော်-ကြာပန်းလမ်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

## ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ တိုင်းမှူးသည် ကွန်ပျူ တာ တက္ကသိုလ်(သထုံ)သို့ ရောက်ရှိပြီး ပင်မကျောင်းဆောင် ဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် တက္ကသိုလ်အဝင်လမ်း ပြီးစီး မှု အခြေအနေများ၊ တက္ကသိုလ်ဝန်းကျင် အရိပ်ရသစ်ပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသများဖြစ်သည့် သိန်းနီ၊ လောက်ကိုင်မြို့များသို့ မီးသတ်ယာဉ်နှင့် မီးသတ်ပစ္စည်းကိရိယာများ လွှဲပြောင်းပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။ (မီးသတ်)

# တာချီလိတ်ခရိုင်ဥက္ကဋ္ဌဖလား စားပွဲတင်တင်းနစ် ဆုချီးမြှင့်



တာချီလိတ် ဇွန် ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ(ဖလား) ရပ်ကွက်၊ ကျေးရွာအလိုက် စားပွဲတင်တင်းနစ် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၃၁ရက် ညနေ ၃နာရီက မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

## ချီးမြှင့်ပေးအပ်

ဗိုလ်လုပွဲတွင် တာလောရပ်ကွက်အသင်းနှင့် ဟောင်လိတ်ကျေးရွာအသင်းတို့ ယှဉ်ပြိုင် ကစားကြပြီးနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ ခရိုင်စားပွဲတင်တင်းနစ် ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးငွေဝင်းက တစ်ဦးချင်း ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအားလည်းကောင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ထူးမောင်က အသင်းလိုက် တတိယဆုရရှိသော ဝမ်ကောင်းရပ်ကွက် အသင်းအားလည်းကောင်း၊ ခရိုင်အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ဒုတိယ ရဲမှူးကြီးကျော်ထွေးက အသင်းလိုက် ဒုတိယဆုရရှိသော တာလောရပ်ကွက်အသင်းအား လည်းကောင်း တစ်ဦးချင်းဆုနှင့် ငွေသားဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးကျော်စွာထွန်းက အသင်းလိုက် ပထမဆုရရှိသော ဟောင်လိတ်ကျေးရွာအသင်းအား တစ်ဦးချင်းဆု၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလား တို့ကို ချီးမြှင့်ပေးအပ်သည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

# ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ မီးသတ်စခန်းများ ဝန်ကြီး ဦးမောင်မောင်ဆွေ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၀

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေသည် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝင်းသိန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၄ရက်မှ ၈ရက်အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသဖွံ့ဖြိုးရေးနှင့် ဌာနဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။**

ဝန်ကြီးသည် ဇွန် ၅ရက်တွင် သီပေါ မြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပ သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသများ ဖြစ်သည့် သိန်းနီနှင့် လောက်ကိုင်မြို့များသို့ မီးသတ်ယာဉ်နှင့် မီးသတ်ပစ္စည်းကိရိယာ များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး သိန်းနီနှင့် လောက်ကိုင် မီးသတ်စခန်းများအတွက် မီးသတ်ယာဉ် နှင့် မီးသတ်ပစ္စည်းကိရိယာများပေးအပ်ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ် မီးသတ်ဦးစီးဌာနမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးတင်ဦးနှင့် ဒေသခံ တိုင်းရင်းသားကိုယ်စားလှယ် နှစ်ဦးတို့က လက်ခံကြသည်။

ဆက်လက်၍ ဝန်ကြီး၊ ဒုတိယ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သီပေါ မြို့နယ် မီးသတ်စခန်း၌ တည်ဆောက်မည့် နှစ်ခန်းတွဲ၊ နှစ်ထပ် ဝန်ထမ်းနေအိမ် မြေ နေရာကို ပန္နက်ရိုက်၍ အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

## ရှင်းလင်းပြောကြား

ဝန်ကြီးသည် ဇွန် ၆ရက်တွင် နမ့်ဆန် မြို့ မြို့နယ်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ နမ့်ဆန်မြို့ မီးဘေး ကြိုတင် ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်း တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် နမ့်ဆန်မြို့ မီးသတ်စခန်းသို့ရောက်ရှိပြီး အဆောက်အအုံ တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ မီးသတ်ယာဉ်/စက်ကွင်းခိုင်ရေးနှင့် တပ်ဖွဲ့ ဝင်များအား တာဝန်ခွဲဝေချထားမှုကို စစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင် ရွက်ပေးခဲ့သည်။

## ပေးအပ်လှူဒါန်း

ဝန်ကြီးသည် ဇွန် ၇ရက်တွင် မန်တုံ မြို့ ကျောင်းခန်းမသို့ရောက်ရှိပြီး ဒေသခံ ပြည်သူများနှင့် တွေ့ဆုံ၍ ကျေးလက်နှင့် ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ရှင်းလင်း ပြောကြားပြီး မန်တုံမြို့အတွက် မီးသတ် ယာဉ်နှင့် မီးသတ်ပစ္စည်းကိရိယာများကို ပေးအပ်လှူဒါန်းသည်။

## လွှဲပြောင်းပေးအပ်

ဆက်လက်၍ ဝန်ကြီးသည် နမ္မတူ မြို့၌ အသစ်တည်ဆောက်မည့် မီးသတ်စခန်း ပန္နက်တင်အခမ်းအနားသို့ တက်ရောက်၍ ဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ပန္နက်တင်ကာ အမွှေး နံ့သာရည် ပက်ဖျန်းပေးကြပြီး ဝန်ကြီးက နမ္မတူမြို့အတွက် မီးသတ်ယာဉ်၊ မီးသတ် စက်နှင့် မီးသတ်ပစ္စည်းကိရိယာများ လွှဲပြောင်းပေးအပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးညွန့် ဝေနှင့် မြို့မိမြို့ဖတစ်ဦးတို့က လက်ခံကြ သည်။

ထို့နောက် ကျောက်မဲမြို့နယ် မီးသတ် တပ်ဖွဲ့စခန်း ပန္နက်တင်အခမ်းအနားသို့ တက်ရောက်၍ ဝန်ကြီးနှင့် တာဝန်ရှိသူ များက ပန္နက်တင်၍ အမွှေးနံ့သာရည် ပက်ဖျန်းပေးကြပြီး အသစ်တည်ဆောက် မည့် အဆောက်အအုံမြေနေရာကို လှည့်လည် ကြည့်ရှု၍ လိုအပ်သည်များကို ညှိနှိုင်း ဆောင်ရွက်ပေးသည်။

## ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဇွန် ၈ရက် မွန်းလွဲ ပိုင်းတွင် မိတ္ထီလာမြို့ မူလတန်းကြိုကျောင်း သို့ ရောက်ရှိပြီး ကျောင်းအဆောက်အအုံ အခြေအနေနှင့် အသစ်တည်ဆောက်မည့် ကျောင်းမြေနေရာတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေး မော်လမြိုင်မြို့တွင် အသိပညာပေးဆွေးနွေး

ရန်ကုန် ဇွန် ၁၀

မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနနှင့် မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့နယ်အဆင့် သွေးလွန်တုပ်ကွေး ရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၄ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေမြိုင်ခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆန်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနီနီအေးက မော်လမြိုင်မြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာများ၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးစီမံချက်ကို ရှင်းလင်းတင်ပြ သည်။

## စစ်ဆေး

ယင်းနောက် မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် မြို့နယ်ကျန်းမာရေး ဝန်ထမ်းများနှင့် တာဝန်ရှိသူများက ဇွန် ၆ရက်တွင် မော်လမြိုင်မြို့နယ် ရွှေမြိုင်သီရိရပ်ကွက်၌ ပိုးလောက်လမ်းသေဆေးခတ်ခြင်း၊ ဆေးမှုတ်ခြင်းတို့ကို တစ်အိမ် တက်ဆင်း စစ်ဆေးပညာပေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား

၁၁-၆-၂၀၁၀ (သောကြာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | တရားတော် |
| ၇:၁၀ | ၃။ | ဓမ္မပူဇာတေး |
| ၇:၂၀ | ၄။ | မျိုးချစ်တပ်မတော် |
| ၇:၂၅ | ၅။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၆။ | မြန်မာသံစဉ် ချိုနားဝင် |
| ၇:၄၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၈:၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၉။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၄၀ | ၃။ | မြတ်နိုးကြစေ အမျိုးသားအမွေ |
| ၄:၄၅ | ၄။ | ရင်ခုန်စီးဆင်း အချစ်သီချင်း |
| ၄:၅၀ | ၅။ | မဟာဂီတချိုကြည်မြ |
| ၅:၀၀ | ၆။ | မျိုးချစ်တပ်မတော် |
| ၅:၀၅ | ၇။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၅:၁၅ | ၈။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၅:၂၀ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅:၃၀ | ၁၀။ | သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **ငါးရှဉ့်အကြောင်း တစေ့တစောင်း** (အပိုင်း-၁) |
| ၆:၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၂၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၆:၂၅ | ၁၃။ | လှုပ်တစ်ပြက် |
| ၆:၃၀ | ၁၄။ | **ရွှာ** ဟာသဇာတ်လမ်းတွဲ **ခဲလေသမျှ သဲရေကျ** မေတ္တာ၊ပေါ်လေး၊ချစ်ဖွယ်၊ ငွမ်းပုံ၊ ဝင်းသပြေထွန်း (ဒါရိုက်တာ-မိုးဇော်ကို) |
| ၆:၅၀ | ၁၅။ | စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား |
| ၇:၀၀ | ၁၆။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၁၈) |
| ၈:၀၀ | ၁၇။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၈။ | နိုင်ငံတကာသတင်း |
| | ၁၉။ | မိုးလေဝသသတင်း |
| | ၂၀။ | အမျိုးသားရေးတေးကဗျာ |
| | ၂၁။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၂။ | ၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (Live) **တောင်အာဖရိကနှင့် မက္ကဆီကို** |

**၁၂-၆-၂၀၁၀ ရက်အစီအစဉ်**

| | | |
|---|---|---|
| ၀၁:၀၀ | ၁။ | ၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (Live) **ဥရုဂွေးနှင့် ပြင်သစ်** |

# စာကြည့်တိုက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စာဖတ်ဝိုင်းနှင့် လှူဒါန်းပွဲ သုံးခွမြို့နယ် ရဲနွဲ့ကျေးရွာ၌ကျင်းပ

ရန်ကုန် ဇွန် ၁၀

**ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ရဲနွဲ့ကျေးရွာ ပညာပါရမီစာကြည့်တိုက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် စာဖတ်ဝိုင်းနှင့် လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၆ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သောင်းက အဖွင့်အမှာစကားပြောကြားသည်။**

## ရှင်းလင်းပြောကြား

ထို့နောက် စာဖတ်ဝိုင်းကျင်းပရာ မောင်ဇော်လွင်နှင့် မစန္ဒာလွင်တို့က သတင်း စာပါ ဆောင်းပါးများ ဖတ်ကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ဦးစီးမှူး ဦးညွန့်ရွှေနှင့် စာကြည့်တိုက် ဥက္ကဋ္ဌ ဦးဟန်ထွန်းတို့က အခမ်းအနား ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။



## ဆုချီးမြှင့်

ထို့နောက် စာကြည့်တိုက်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာအုပ်မျိုးစုံ အုပ်ရေ ၃၀၊ မြို့နယ်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာအုပ်မျိုးစုံ အုပ်ရေ ၁၀၀ တို့ကို လှူဒါန်း ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက တစ်နှစ်အတွင်း စာအုပ်အများဆုံး စာငှား ဖတ်ရှုသူ ဒေါ်ခင်ပြုံးရီအား ဂုဏ်ပြုဆု ချီးမြှင့်သည်။ (ဝဲပုံ)

(မြို့နယ် ပြန်/ဆက်)



မကွေးတိုင်း စလင်းမြို့နယ် ၂၀၁၀-၂၀၁၁ ခုနှစ် စိုက်ပျိုးရေးစီမံကိန်း တာဝန် ပေးအပ်ပွဲအခမ်းအနားကို မြို့မအထက ရာပြည့်ခန်းမ၌ မေ ၃၁ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှထွဋ်က တာဝန်ရှိ သူများအား စိုက်ပျိုးရေးစခန်းနယ်မြေအလိုက် စီမံကိန်းလျာထားချက်တာဝန်များ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

# ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် China CAMC Engineering Co.,Ltd. နှင့် Tsinlien Group Co., Ltd. တို့ ဦးဆောင်သည့် ကုမ္ပဏီ ငါးခု တံတားသံပေါင်နှင့် ပစ္စည်းများဝယ်ယူရန် စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးပွဲကျင်းပ

## ဆောက်လုပ်ရေးဝန်ကြီး ဦးခင်မောင်မြင့် တက်ရောက်အားပေး

နေပြည်တော် ဇွန် ၁၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဇွန် ၈ရက် ညနေ ၆နာရီခွဲက နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ကျင်းပသည့် ဧရာဝတီတံတား(ပခုက္ကူ)နှင့် ဧရာဝတီတံတား (ညောင်တုန်း)တို့အတွက် တံတားသံပေါင်နှင့် ပစ္စည်းများဝယ်ယူရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် China CAMC Engineering Co.,Ltd. ဦးဆောင်သည့် ကုမ္ပဏီသုံးခု၊ Tsinlien Group Co.,Ltd. ဦးဆောင်သည့် ကုမ္ပဏီနှစ်ခု စုစုပေါင်း ကုမ္ပဏီငါးခုနှင့် စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။




ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ဧရာဝတီတံတား (ပခုက္ကူ)နှင့် ဧရာဝတီတံတား(ညောင်တုန်း)တို့အတွက် တံတားသံပေါင်နှင့် ပစ္စည်းများဝယ်ယူရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းနှင့် China CAMC Engineering Co.,Ltd. ဦးဆောင်သည့် ကုမ္ပဏီ သုံးခု၊ Tsinlien Group Co.,Ltd. ဦးဆောင်သည့် ကုမ္ပဏီ နှစ်ခု စုစုပေါင်း ကုမ္ပဏီ ငါးခုနှင့် စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးစဉ်။

(ဆောက်လုပ်ရေး)

### တက်ရောက်

အဆိုပါ စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ ရှေ့နေချုပ် ဦးအေးမောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးများဖြစ်ကြသည့် ဦးတင့်ဆွေနှင့် ဦးမြင့်သိန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ကျော်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် China CAMC Engineering Co.,Ltd. ဦးဆောင်သည့် ကုမ္ပဏီ သုံးခု၊ Tsinlien Group Co., Ltd. ဦးဆောင်သည့် ကုမ္ပဏီ နှစ်ခု စုစုပေါင်း ကုမ္ပဏီ ငါးခုမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။

### အပြန်အလှန်လဲလှယ်

ယင်းနောက် ဧရာဝတီတံတား (ပခုက္ကူ)အတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး(လုပ်ငန်း) ဦးဝင်းတင့်နှင့် China CAMC Engineering Co.,Ltd. မှ Vice President, Mr. Zhao Lizhi နှင့် Mr. Wang Li Guang တို့က လည်းကောင်း၊ Northern International (Holding) Co.,Ltd. မှ Vice President, Mr. Yu Xian Feng နှင့် ဒါရိုက်တာ ဦးစိုးလှမင်းတို့က လည်းကောင်း၊ Hubei Huazhou Industrial Co.,Ltd. မှ Vice President, Mr.Yu Ya Ping နှင့် ဌာနေကိုယ်စားလှယ် ဒေါ်ရင်ရင်မေတို့က လည်းကောင်း တံတားသံပေါင်နှင့် ပစ္စည်းများ ဝယ်ယူရေးဆိုင်ရာ စာချုပ်များတွင် လက်မှတ်များ ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် ဧရာဝတီတံတား (ညောင်တုန်း)အတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး (လုပ်ငန်း) ဦးဝင်းတင့်နှင့် Tsinlien Group Co., Ltd. မှ Vice President, Ms.Ma Jie နှင့် ဒါရိုက်တာ ဒေါ်ကြူကြူမြင့်တို့က လည်းကောင်း၊ China Railway Baoji Bridge Group Co., Ltd. မှ President, Mr.Li Zongmin နှင့် Chief Manager, Mr.Wen Jinpeng တို့က လည်းကောင်း တံတားသံပေါင်နှင့် ပစ္စည်းများ ဝယ်ယူရေးဆိုင်ရာ စာချုပ်များတွင် လက်မှတ်များ ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

### ကျေးဇူးတင်စကားပြောကြား

ဆက်လက်၍ China CAMC Engineering Co.,Ltd. ဦးဆောင်သည့် ကုမ္ပဏီ သုံးခုကိုယ်စား Vice President, Mr. Zhao Lizhi က လည်းကောင်း၊ Tsinlien Group Co., Ltd. ဦးဆောင်သည့် ကုမ္ပဏီနှစ်ခု ကိုယ်စား President, Mr. Dong Guo Qiang က လည်းကောင်း ကျေးဇူးတင်စကား ပြောကြားကြသည်။

### ဝယ်ယူရန်ချုပ်ဆို

ယခုချုပ်ဆိုသည့် စာချုပ်များမှာ ဧရာဝတီတံတား(ပခုက္ကူ)၏ သံပေါင်အခန်း ၃၀အတွက် China CAMC Engineering Co.,Ltd. မှ သံပေါင် ၁၅ခန်း၊ Northern International (Holding) Co.,Ltd. မှ သံပေါင် ကိုးခန်းနှင့် Hubei Huazhou Industrial Co.,Ltd. မှ သံပေါင် ခြောက်ခန်းတို့ဖြစ်ပြီး ဧရာဝတီတံတား (ညောင်တုန်း)၏ သံပေါင်အခန်း ၂၀ အတွက် Tsinlien Group Co., Ltd. မှ သံပေါင် ၁၀ခန်း၊ China Railway Baoji Bridge Group Co., Ltd. မှ သံပေါင် ၁၀ခန်းတို့ကို ဝယ်ယူရန် ချုပ်ဆိုခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



### အမှာစကားပြောကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

# ရန်ကုန်မြို့ သန့်ရှင်းသ…

## ကာကွယ်ရေးဝန်ကြီ…

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အ… ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒု… ကာကွယ်နိုမ်နင်းရေးတို့ကို ဆောင်ရွက်သွားရန်…

### ရှင်းလင်…

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယ… စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် ရန်… မြို့တော်ဝန် ဦးအောင်သိန်းလင်းတို့က ရန်ကုန်မြို့ … ဖော် ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွ… ကြသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း အလုပ်ရုံဆွေးနွေးပွဲ၌ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)



# အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျော…

## ကွန်ဗင်းရှင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်…

နေပြည်တော် ဇွန် ၁၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း ကျင်းပသည့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေး ဆိုင်ရာ ကွန်ဗင်းရှင်း အလုပ်ရုံ ဆွေးနွေးပွဲ (Gender Equality and Covention on the Elimination of all forms of Discrimination Against Women (CEDAW) ကို ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ကုမုဒြာဟိုတယ်၌ကျင်းပ ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြား သည်။

### ဆက်လက်ကျင်းပ

ထို့နောက် UNFPA ဌာနေ ကိုယ်စားလှယ် Mr . Mohamed Abdel- Ahad က အမှာစကား ပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို အစီအစဉ်များအတိုင်း ဆက်လက် ကျင်းပသည်။

### ဆွေးနွေးအကြံပြု

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများ၊ INGOs, NGOs၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက် ကြပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက် ရေးအတွက် ဆွေးနွေးအကြံပြုကြမည် ဖြစ်ကာ ဇွန် ၁၁ရက်အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

# နိုင်ငံတစ်ဝန်း မေလအတွင်း မီးလောင်မှု (၈၁)ကြိမ် ဖြစ်ပွားခဲ့

ရန်ကုန် ဇွန် ၁၀

၂၀၁၀ခုနှစ် မေလအတွင်း နိုင်ငံတစ်ဝန်း မီးလောင်မှု ၈၁ကြိမ်ဖြစ်ပွားခဲ့ကြောင်း၊ မီးဖိုမီး၊ ပေါ့ဆမီး ၆၃ကြိမ်၊ အလိုအလျောက်မီး သုံးကြိမ်၊ လျှပ်စစ်မီး ၁၃ကြိမ်၊ မသမာသူရှို့မီးနှစ်ကြိမ်ပါဝင်ကြောင်း၊ အိမ်ခြေ အဆောက်အအုံ ၁၃၉၄လုံး၊ စက်ရုံ၊ အလုပ်ရုံ နှစ်ရုံ၊ ဂိုဒေါင်တစ်လုံး မီးလောင်ခံရပြီး မီးဘေးဒုက္ခသည် ၂၄၅၉ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ မီးဖိုမီး အပါအဝင် ပေါ့ဆမီး ၆၃ကြိမ်ပါဝင်သဖြင့် မီးကို မဆင်မခြင် ပေါ့ဆစွာသုံးစွဲမှုကြောင့်ဖြစ်ပွားခဲ့သော မီးလောင်မှုများသည် မီးလောင်မှုအကြိမ် စုစုပေါင်း၏ ၇၇ ဒသမ ၇၈ ရာခိုင်နှုန်းခန့် ပါဝင်ကြောင်း၊ ပြည်နယ်၊ တိုင်းအလိုက် အနေဖြင့် မန္တလေးတိုင်း၌ အကြိမ်အများဆုံး၊ ပဲခူးတိုင်း၌ ဒုတိယအကြိမ် အများဆုံး၊ ရှမ်းပြည်နယ်၌ တတိယအကြိမ် အများဆုံးဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်ဆုံးရှုံးမှု တန်ဖိုးအနေဖြင့်လည်း ရန်ကုန်တိုင်း၌ ဆုံးရှုံးမှုအများဆုံး၊ စစ်ကိုင်းတိုင်း၌ ဒုတိယဆုံးရှုံးမှု အများဆုံးနှင့် မန္တလေးတိုင်း၌ တတိယ ဆုံးရှုံးမှု အများဆုံးဖြစ်ကြောင်း၊ ကျေးရွာ မီးလောင်မှု ၂၉ကြိမ် ဖြစ်ပွားခဲ့သဖြင့် မီးလောင်မှုအကြိမ် စုစုပေါင်း ၃၅ ဒသမ ၈ ရာခိုင်နှုန်းခန့် ပါဝင်ကြောင်း သိရသည်။

### လိုက်နာမှုအားနည်း

မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ်ကို ပြည်သူများ လိုက်နာဆောင်ရွက်ရေးအတွက် မီးသတိမူရေးနှင့် မီးဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများနှင့် ညှိနှိုင်းလုပ်ဆောင်ခြင်း၊ ဈေးများ၊ အထပ်မြင့်အဆောက်အအုံများ မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့ထံ အမြဲတစေ အကြံပြုတိုက်တွန်းခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်တို့မှ အသိပညာပေးခြင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်း၊ လက်တွေ့ သရုပ်ပြသခြင်း၊ တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုများ စစ်ဆေးခြင်းများ ဆောင်ရွက်နေကြသော်လည်း လိုက်နာမှုအားနည်းခြင်းကြောင့် မီးလောင်မှုဖြစ်ပွားနေကြောင်း တွေ့ရှိရသည်။

### နှိုးဆော်ထား

ကျေးရွာများတွင်လည်း မီးလောင်မှုလျော့နည်းစေရေးအတွက် မီးသတိမူရေး၊ မီးဘေးကြိုတင် ကာကွယ်ရေး လုပ်ငန်းများကို ကျေးရွာအရောက်ကျယ်ကျယ် ပြန့်ပြန့် အရှိန်အဟုန်မြှင့် အလေးထား ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ မိုးရာသီသို့ ရောက်ရှိနေပြီဖြစ်သော်လည်း ပေါ့ဆမှုနှင့် လျှပ်စစ်ဝါယာမှ တစ်ဆင့် မီးလောင်မှုများဖြစ်ပွားလာနိုင်သည့်အတွက် မီးဘေးလုံခြုံရေးကို ဆက်လက် သတိပြု လိုက်နာဆောင်ရွက်ရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးဘေးရှောင်
မလောင်ခင်တား

# မုတ်သုံလေ အားကောင်းနိုင်

နေပြည်တော် ဇွန် ၁၀

**ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ စစ်တွေမြို့နှင့် လှိုင်လင်မြို့တို့တွင်၂ ဒသမ ၁၆ လက်မစီ၊ ဇလွန်မြို့တွင် ၂ ဒသမ ၁၃ လက်မ၊ ရွှေကျင်မြို့တွင် ၁ ဒသမ ၆၉ လက်မနှင့် ညောင်လေးပင်မြို့တွင် ၁ ဒသမ ၅၇လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

**ဇွန် ၁၁ရက် ညနေအထိခန့်မှန်းချက်မှာ** ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းများကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

● *ကျော်ဖုံးမှ*

ညောင်လေးပင်မြို့ သန့်ရှင်းလှပအောင်ကြိုးပမ်းဆောင်ရွက်နေသောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ မကြာမီက မိမိတို့သတင်းအဖွဲ့ သွားရောက်ခဲ့ရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးအိမ်လှသောင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်ကျော်ဝင်းတို့က မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဆောင်ရွက်ချက်များကို ရှင်းပြသည်။

"ကျွန်တော်တို့ ညောင်လေးပင်မြို့နယ်ဟာ မြို့နယ်အကျယ်အဝန်း ၂၈၂ ဒသမ ၈၄ စတုရန်းမိုင်ဖြစ်ပြီး ကျေးရွာအုပ်စု ၄၉ အုပ်စု၊ ကျေးရွာပေါင်း ၁၅၂ ရွာ၊ လူဦးရေ ၁၉၂၈၂၃ ဦး ရှိပါတယ်။ ညောင်လေးပင်မြို့ သန့်ရှင်းသာယာလှပရေးအတွက် မွမ်းမံပြင်ဆင်ရမယ့် အချက် ၁၆ချက်အပေါ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စဉ်ဆက်မပြတ် ဆောင်ရွက်နေပါတယ်။ မြို့လယ်၊ မြို့ဝင်နှင့် မြို့ထွက်လမ်းမကြီးတွေမှာ လမ်းလယ်ကျွန်းမြေယာရှုခင်းများကို ပန်းမန်များနဲ့ လှပအောင် ဆောင်ရွက်ထားသလို မြို့တွင်းအဓိကလမ်းမကြီးရဲ့ လမ်းဘေးဝဲယာ တစ်ဖက်တစ်ချက်မှာ ချုံနွယ်ပိတ်ပေါင်းများ ကင်းစင်ရေး၊ လမ်းဘေးမြက်ခုံများ ညီညာသပ်ရပ်လှပရေးအတွက် ပခုံးညှိခြင်း၊ မြက်ဖြတ်ခြင်းလုပ်ငန်းတို့ကိုလည်း ပုံမှန်ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ရှင်းပြသည်။



"မြို့သန့်ရှင်း သာယာရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်နေပါတယ်"
ဦးအိမ်လှသောင်း(အမှုဆောင်အရာရှိ)
ညောင်လေးပင်မြို့နယ်
စည်ပင်သာယာရေးအဖွဲ့

**ထုထည်ကြီးမား**

ရန်ကုန်-မန္တလေးကားလမ်းမကြီး လမ်းဘေး ဝဲယာများတွင် လမ်းများ သာယာမှုရှိစေရေးအတွက် ပန်းတင်ခုံများပြုလုပ်ကာ စက္ကူပန်း၊ နွယ်သာကီ၊ ပန်းအိ၊ စိန်တံချူ ပန်းပင်များနှင့် အခြားပန်းအလှပင်များအား စိုက်ပျိုးပေးထားသည်ကို တွေ့ရသည်။ ညောင်လေးပင်မြို့သည် လူဦးရေအရသော်လည်းကောင်း၊ လူနေအိမ် အခြေအနေအရသော် လည်းကောင်း ကြီးထွားလာသည်နှင့်အမျှ နေအိမ် များ၊ ဈေးဆိုင်ခန်းများ၊ ဈေးများမှ နေ့စဉ်စွန့်ပစ်သည့် အမှိုက် သရိုက်များ၊ အခြားစွန့်ပစ်ပစ္စည်းများမှာလည်း ထုထည်ကြီးမားလာသည်။ ထိုသို့ ထုထည်ကြီးမားသည့် အမှိုက်များ၊ အမှိုက်ပုံဖြင့် အကျည်းတန်မှု မရှိစေရေးနှင့် ပတ်သက်ပြီး ဆောင်ရွက်နေမှုများကို ရှင်းပြသည်။



ညောင်လေးပင်မြို့ သန့်ရှင်းသာယာမှုရှိစေရန် မြို့အဝင်ဆိုင်းဘုတ်အနီး သစ်ပင်ပန်းမန်များ စိမ်းလန်းစိုပြည်စေရန် ရေကားများဖြင့်လိုက်လံ ရေပက်ဖျန်းပေးစဉ်။



ညောင်လေးပင်မြို့ဂုဏ်ဒြပ်ကို တိုးမြှင့်ပေးနေသည့် သီရိရတနာခန်းမကို ဤသို့ တွေ့ရသည်မှာ ....။

"မြို့ပေါ်ရှိ အဓိကလမ်းမကြီး သုံးလမ်းနဲ့ လမ်းသွယ်၁၄လမ်းအပြင် ညောင်လေးပင်မြို့ပေါ် ငါးရပ်ကွက်နဲ့ ဈေးကြီးမှထွက်ရှိလာတဲ့ အမှိုက်များကို တစ်ရက်လျှင်နှစ်ကြိမ် သန့်ရှင်းရေး လုပ်သားအဖွဲ့မှ နေ့စဉ်ပုံမှန် အမှိုက်သိမ်းစနစ်ဖြင့် သိမ်းဆည်းပေးလျက်ရှိပါသည်။ ထို့အပြင် မြို့တွင်းလမ်းဘေးဝဲယာရှိ ရေနုတ်မြောင်းများ၊ ရေဆိုးထုတ်မြောင်းမကြီးများ ရေစီးရေလာကောင်းမွန်စေရေး၊ မြောင်းအတွင်း အမှိုက်သရိုက်မရှိစေရေးတို့ကိုလည်း ပုံမှန် ဆောင်ရွက်ပေးထားပြီး မြို့သန့်ရှင်းသာယာရေးနှင့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်နေပါတယ်" ဟု အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအိမ်လှသောင်းက စိတ်ရှည်လက်ရှည် ရှင်းပြသည်။

ထိုသို့ ကြီးမားလှသော မြို့သန့်ရှင်းရေးလုပ်ငန်းကြီးကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က သန့်ရှင်းရေးလုပ်သားများ၊ အမှိုက်သိမ်းယာဉ်များ၊ အလုံကား၊ ထော်လာဂျီယာဉ်များဖြင့် လုပ်ဆောင်နေရသကဲ့သို့ မြို့သူမြို့သားများကပါ တာဝန်ရှိရှိ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အသန့်ရှင်းဆုံး၊ သာယာလှပဆုံးမြို့အဖြစ်သို့ ရောက်ရှိနိုင်မည်ဖြစ်လေသည်။



ညောင်လေးပင်မြို့မှ ရန်ကုန်-မန္တလေး-ရွှေကျင်မြို့များသို့ ခွဲဖြာထွက်သော မဒေါက်လမ်းဆုံ လမ်းလယ်ကျွန်းကို ဤသို့တွေ့ရသည်။

**အလွှန်စည်ကား**

ညောင်လေးပင် မြို့နယ်တွင် ညောင်လေးပင် မြို့မဈေးကြီးတစ်ဈေးနှင့် ပြွန်တန်ဆာ၊ မဒေါက်၊ ပိန်းဇလုပ်မြို့ တို့မှ ဈေးသုံးဈေးအပါအဝင် စုစုပေါင်းဈေးလေးဈေးရှိသည်။ မြို့မဈေးကြီးသည် ညောင်လေးပင်မြို့မှ (၃)ရပ်ကွက်အတွင်း တည်ရှိ၍ မြို့၏ အချက်အချာကျသော အလယ်ဗဟို ရန်ကုန်-မန္တလေးကားလမ်းမကြီး ဘေးတွင် တည်ရှိပြီး မြို့မဈေးကြီးမှာ ယခင်က အုတ်ညှပ်တစ်ထပ်ဈေးရုံအဆင့်မှတပ်မတော်အစိုးရလက်ထက်တွင် ဈေးအရှေ့ဘက်တန်းအား သံကူကွန်ကရစ် တစ်ထပ်နှင့် မြောက်ဘက်တန်းကို သံကူကွန်ကရစ်နှစ်ထပ်ဖြင့် ၃-၂-၂၀၀၄ရက်တွင် အပြီးသတ်တည်ဆောက်ပေးနိုင်ခဲ့၍ ဈေးကြီးကို ခံ့ညားထည်ဝါစွာ တွေ့မြင်ခဲ့ရသည်။ ညောင်လေးပင်မြို့မဈေးကြီးသို့ ဒေသခံပြည်သူများနှင့် ကျေးလက်နေတောင်သူများ လာရောက်ရောင်းဝယ် ဖောက်ကားလျက်ရှိသည့်အပြင် ရွှေကျင်မြို့၊ ဒိုက်ဦးမြို့၊ ကျောက်တံခါးမြို့နယ်တို့မှလည်း လာရောက်ရောင်းဝယ်ကြသဖြင့် အလွှန်စည်ကားရာဈေးကြီးဖြစ်ကြောင်း တွေ့ရသည်။

**ရေပေးဝေရေး**

ညောင်လေးပင်မြို့ မြို့ပေါ်ရေပေးဝေရေးလုပ်ငန်းကို မြို့မကောင်စီလက်ထက် မြို့၏အရှေ့မြောက်ဘက် မဟာတိလောကဘုရားကြီးရှေ့ မြေကွက်လပ်တွင် ၁၉၂၉ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အချင်း ၁၀ လက်မ၊အနက်ပေ၃၅၀ရှိအမှတ်(၁)ရေတွင်းနှင့် အချင်း၁၀လက်မ၊ အနက်၄၆၅ပေရှိသော အမှတ်(၂)စက်ရေတွင်း နှစ်တွင်းတို့ကို ၁၉၉၄ခုနှစ်တွင် ဘက်ပေါင်းစုံမွမ်းမံပြင်ဆင်တူးဖော်ပြီး နှစ်လက်မ ရေတင်ပိုက်များဖြင့် အမြင့် ၆၅ ပေ၊ ဂါလန် ၃၀၀၀၀ဆံ့ ရေလှောင်ကန်၊ ရေစင်သို့တင်၍ ဆက်လက်ရေပေးဝေခဲ့သည်။ ယင်းရေလှောင်ကန်မှ တစ်ဆင့် အချင်း ၁၀ လက်မ ရေပို့ပိုက်ဖြင့် မြို့၏မြောက်ဘက်အပိုင်းသို့လည်းကောင်း၊ အချင်းခြောက်လက်မ ရေပို့ပိုက်ဖြင့် မြို့၏တောင်ဘက်အပိုင်းသို့လည်းကောင်း အလိုအလျောက် စီးဆင်းစေသောစနစ် (Gravity Flow System)ဖြင့် မြို့တွင်းအိမ်တိုင်ရာရောက် ရေပေးဝေလျက်ရှိသည်။



ညောင်လေးပင်မြို့တွင် သောက်သုံးရေ ရရှိရေးအတွက် အမြင့် ၆၅ ပေရှိ ရေဂါလန် ၃၀၀၀၀ ဆံ့ ရေစင်ကို ဤသို့တည်ဆောက်ထားသည်။

**ရေရရှိရေး**

မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း ၁၅၂ရွာတွင် ရေရရှိရေးလုပ်ငန်းပေါင်း ၂၉၈ တွင်း ဆောင်ရွက်ပြီးစီးခဲ့သဖြင့် ရည်မှန်းချက်ကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ရာ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစေခဲ့ပြီဖြစ်သည်။ ဆက်လက်၍လည်း ကျေးလက်ဒေသများ၊ရေဖူလုံရေး၊ရေကောင်းရေသန့် ရရှိရေးအတွက် စည်ပင်သာယာရေးအဖွဲ့မှ နှစ်စဉ် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်ကို သိရသည်။

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် လမ်းများကောင်းမွန်ရန်အတွက် သမစိတ္တလမ်း၊ ဈေးတောင်ဘက်၊ ဈေးအနောက်၊ ဈေးအရှေ့လမ်း၊ ရွှေဝါထွန်းလမ်း၊ သဇင်လမ်း၊ ဘူတာလမ်း၊ ဗိုလ်မင်းရောင်လမ်း၊ ဗိုလ်ထိန်ဝင်းလမ်း၊ တပင်ရွှေထီးလမ်း၊ ကြေးနန်းလမ်း၊ တောင်စက်ရုံလမ်း၊ စိတ္တသုခလမ်း၊ ပြွန်တန်ဆာဈေးပတ်လမ်း၊ ကြားတောရလမ်း၊ မဒေါက်မင်းလမ်းများကို ကတ္တရာလမ်းအဖြစ် ခင်းပေးခဲ့သည်။

**ကျေးလက်လမ်း**

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့လမ်းများသာမက ကျေးလက်လမ်းအဖြစ် ညောင်လေးပင်မှ ငှက်ပျောတော၊ ဇီးကုန်းလမ်း၊ ပိန်းဇလုပ်-ရွာမ-ကညင်ကျိုးလမ်း၊ ရေမြုကန်ပေါက်တောလမ်း၊ ကျူချောင်း ရွာအဝင်လမ်း၊ ပြွန်တန်ဆာ ကန်ပတ်လမ်း၊ ဝါရုံကုန်းလမ်း၊ ပုဇွန်မြောင်းအဝင်လမ်း၊ ကောက်ကွေ့ရွာလမ်း၊ မအူတန်းကျေးရွာ လမ်းများနှင့် မြို့နယ်အတွင်း ကျေးရွာများအား ဘဏ္ဍာရေးနှစ်အလိုက် တစ်ခုပြီး တစ်ခု အစီအစဉ်ချပေးထားနိုင်ခဲ့ပြီး မြို့ပြနှင့် ကျေးလက်တံတားများကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် အတည်ပြုချက်ရယူပြီး တည်ဆောက် ဆောင်ရွက်ပေးထားရာ မြို့နယ်အတွင်း ကတ္တရာလမ်း ၄၅လမ်း ၁၂မိုင် ဝဒသမ ၂၈ဖာလုံ၊ ကျောက်လမ်း ၁၇လမ်း ၅မိုင် ၂ဒသမ ဝ၇ဖာလုံ၊ ဂဝံလမ်း ၄၀လမ်း ၁၀မိုင် ၂ဒသမ ၄၃ဖာလုံ၊ မြေသားလမ်း ၁၈လမ်း ၄မိုင် ဒသမဝ၇ဖာလုံ တို့ကို ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်သည်။



ညောင်လေးပင်မြို့နယ် ရေဖြူကန်ကျေးရွာမှ ကျေးရွာချင်းဆက် မြေသားလမ်းများကို မြေတူးစက်ကြီးများဖြင့် တူးဖော်ဖောက်လုပ်ထားမှုမြင်ကွင်း။

**လှပစည်ဝေ**

ထို့ကြောင့် ညောင်လေးပင်မြို့၏ ဂုဏ်ကျက်သရေ တိုးတက်ရန် အဘက်ဘက်မှ ကြိုးစား ဆောင်ရွက်ပေးနေမှုကြောင့် လှပစည်ဝေနေသော ညောင်လေးပင်မြို့ကို အသွင်ဆန်းသစ် သန့်ရှင်းလှပစွာ မြင်တွေ့နေရပြီဖြစ်ရာ ဖွံ့ဖြိုးတိုးတက်မှု စုံလင် ညောင်လေးပင်ဟု တင်စားခေါ်ဝေါ်လိုက်ရပါကြောင်း။ ။

**(မြန်မာ့အလင်း)**

11-6 (10).pmd 1 6/11/2010, 2:43 AM

# အဖွင့်ပွဲစဉ်မှာ အိမ်ရှင်တို့ အပြုံးပန်းတွေ စည်ဝေနိုင်ပါ့မလား

## ဥရုဂွေးအပေါ် နိုင်ပွဲရလဒ်သာ ပုံဖော်မယ့်ပြင်သစ်

➤ သုံးသပ်ရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)

ကိတ်ဗ်တောင်း ဇွန် ၁၀

၂၀၁၀ကမ္ဘာ့ဖလားပြိုင်ပွဲကို တောင်အာဖရိကနိုင်ငံမှာ ဇွန် ၁၁ရက် (ယနေ့)မှာ စတင်ကျင်းပတော့မှာဖြစ်ပါတယ်။ (၁၉)ကြိမ်မြောက်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ အဖွင့်ပွဲစဉ်အဖြစ် အိမ်ရှင်တောင်အာဖရိကနဲ့ မက္ကဆီကိုအသင်းတို့ ယှဉ်ပြိုင်ကြမှာဖြစ်ပြီး ဒုတိယပွဲစဉ်အဖြစ် ဥရုဂွေးနဲ့ ပြင်သစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ တောင်အာဖရိကနဲ့ မက္ကဆီကိုအသင်းတို့ရဲ့ပွဲစဉ်ကို ဇွန် ၁၁ ရက် (ယနေ့) မြန်မာစံတော်ချိန် ည ၈ နာရီခွဲမှာ စတင်ယှဉ်ပြိုင်မှာဖြစ်ပြီး ဒုတိယပွဲစဉ်ဖြစ်တဲ့ ဥရုဂွေးနဲ့ပြင်သစ်တို့ရဲ့ပွဲကိုတော့ ဇွန် ၁၂ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီမှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီပွဲစဉ်နှစ်ပွဲရဲ့အနေအထားကို သုံးသပ်ကြည့်လိုက်တဲ့အခါ-



၂၀၁၀ ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ် ကျင်းပမည့် ဂျိုဟန်နစ္စဘတ်မြို့မှ ဆောကာစီးတီးအားကစားကွင်းကို ဤသို့တွေ့ရသည်။

### တောင်အာဖရိကနှင့် မက္ကဆီကို

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ အဖွင့်ပွဲစဉ်ဖြစ်တာမို့ ကမ္ဘာတစ်ဝန်းက ဘောလုံးပရိသတ်တွေ စိတ်ဝင်စားစွာ စောင့်ကြည့်ကြမယ့်ပွဲဖြစ်ပါတယ်။ ဒီပွဲကို တောင်အာဖရိကနိုင်ငံဂျိုဟန်နစ္စဘတ်မြို့ရဲ့ ဆောကာစီးတီးဘောလုံးကွင်းမှာ ကစားမှာဖြစ်ပါတယ်။

အိမ်ရှင်တောင်အာဖရိက အသင်းဟာ ခြေစစ်ပွဲမဝင်ရဘဲ ပါဝင်ယှဉ်ပြိုင်ခွင့်ရတာဖြစ်ပေမယ့် ခြေစမ်းပွဲရလဒ်တွေကို ကြည့်ရင် ဂွါတီမာလာကို ငါးဂိုးပြတ်၊ ကိုလံဘီယာကို နှစ်ဂိုး-တစ်ဂိုး၊ ဘူလ်ဂေးရီးယားကို တစ်ဂိုးစီသရေ၊ ဂျမေကာကို နှစ်ဂိုးပြတ်နဲ့ မြောက်ကိုရီးယားအသင်းကို ဂိုးမရှိသရေကစားခဲ့တာမို့ ရှုံးပွဲမရှိခဲ့ပါဘူး။ ဒါကြောင့် တောင်အာဖရိက ကစားသမားတွေဟာ ယုံကြည်မှုခိုင်မာနေပြီး အိမ်ရှင်ဆိုတဲ့ဂုဏ်ကို မပျက်ယွင်းအောင် ခြေကုန်ထုတ်ကြရမှာ သေချာပါတယ်။

နည်းပြပရဲရားဟာ အဲဗာတန်မှာ ကစားနေတဲ့ကွင်းလယ်ကစားသမား စတီဖင်ပိုင်းနာနဲ့ ပို့စ်မောက်မှာ ကစားနေတဲ့ မိုကိုနာတို့ကို အဓိကအားကိုးကစားစေမှာ ဖြစ်ပါတယ်။ တောင်အာဖရိက အသင်းနောက်တန်းမှာ မိုကိုနာကလွဲပြီး မာဆီလီယာနဲ့ ဂိုရာတို့က တစ်ဖက်အသင်း အင်နဲ့အားနဲ့ထိုးဖောက်တိုက်စစ်ဆင်ရင် စိုးရိမ်စိတ်များပြီး အမှားလုပ်တတ်လေ့ရှိတာကို နည်းပြပရဲရား အချိန်မီပြုပြင်သွားမှာ ဖြစ်ပါလိမ့်မယ်။

တောင်အာဖရိကရဲ့ ရှေ့တန်းမှာတော့ ဘီတီ၊ ပါကာနဲ့ ဖီလာတို့က ရန်းကန်အားကောင်းပြီး တွန်းတွန်းတိုက်တိုက် ထိုးဖောက်တတ်တာမို့ ဂိုးရရှိရေးအတွက် စိတ်ပူစရာတော့မရှိပါဘူး။ ဒါပေမယ့် တိုက်စစ်မှူး ပါကာဟာ အဆုံးသတ်အားနည်းတာမို့ ကွင်းလယ်က ပံ့ပိုးမှုအားနည်းရင် တောင်အာဖရိက ပရိသတ်တွေ ပင့်သက်ဖြာရနိုင်ပါတယ်။

မက္ကဆီကို တို့ကတော့ ခြေစမ်းပွဲမှာ အီတလီကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့ပြီးနောက်မှာ ကစားသမားတွေ စိတ်ဓာတ်တက်ကြွနေပါတယ်။ နည်းပြ အဂွီရီဟာ မက္ကဆီကို ကစားသမားတွေကို အမြန်ပေး ထိုးဖောက်ကစားမှုနဲ့ တိုက်စစ်ဖွင့် ကစားစေမယ့် စနစ်ကို အချိန်ယူလေ့ကျင့်ခဲ့တာမို့ သူ့ရဲ့ နည်းဗျူဟာဟာ လက်တွေ့မှာ အကျိုးဖြစ်ထွန်းမှုရှိမရှိ ကြည့်ရမှာဖြစ်ပါတယ်။



တောင်အာဖရိကအသင်း အဓိကကွင်းလယ်ကစားသမား ပိုင်းနာ ဂိုးရအောင် ဖန်တီးနိုင်ပါ့မလား။



မက္ကဆီကို နောက်ခံလူ မားကွက်ဇ် တောင်အာဖရိက တိုက်စစ်မှူးတွေကို ဟန့်တားနိုင်ပါ့မလား။

မက္ကဆီကိုအသင်းမှာတော့ နောက်တန်းမှာ ဘာစီလိုနာမှာကစားနေတဲ့ မားကွက်ဇ်နဲ့ ပီအက်စ်ဗွီမှာ ကစားနေတဲ့ ရိုဒရီဂွက်ဇ်တို့ကို အားပြုအထိုင်ချပြီး ကွင်းလယ်မှာ ဂွါဒါဒိုကို အမာခံထားဖို့ စီစဉ်မှာဖြစ်ပါတယ်။ မက္ကဆီကို တိုက်စစ်ကိုတော့ အာဆင်နယ်မှာကစားနေတဲ့ ကာလို့စ်ဗီလာ၊ ဂါလာတာစာရေးမှာ ကစားနေတဲ့ လူငယ်တိုက်စစ်မှူး ဆန်တို့စ်နဲ့ ဝက်စ်ဟမ်းမှာ ကစားနေတဲ့ ဖရန်ကိုတို့ကိုတင်ပြီး ဂိုးရအောင် ကြိုးစားမှာမို့ တောင်အာဖရိကရဲ့ ခံစစ်မှူးတွေသတိထားရမှာ ဖြစ်ပါတယ်။ ဒီပွဲမှာ အိမ်ရှင်တောင်အာဖရိကကို နှစ်သက်ပေမယ့် မက္ကဆီကိုအသင်းကိုပဲ အားပေးရမှာပါပဲ။ ဒီပွဲကို ဥဇဘက်ကစ္စတန်ကွင်းလယ်ဒိုင်လူကြီး အီရာစာတော့ဗ်က ကြီးကြပ်မှာမို့ ၂၀၁၀ ကမ္ဘာ့ဖလားပွဲမှာတော့ ပထမဆုံးအဖွင့်ပွဲစဉ် ကွင်းလယ်ဒိုင်လူကြီးအဖြစ် မှတ်တမ်းဝင်မှာဖြစ်ပါတယ်။

### ဥရုဂွေးနှင့် ပြင်သစ်

ဒီပွဲစဉ်ကိုတော့ တောင်အာဖရိကနိုင်ငံ ကိတ်ဗ်တောင်းမြို့ရဲ့ ဂရင်းပွိုင့်ဘောလုံးကွင်းမှာကျင်းပမှာဖြစ်ပြီး ဒီကမ္ဘာ့ဖလားပွဲမှာ တောင်အာဖရိကနဲ့ ဥရောပအသင်း ပထမဆုံး ထိပ်တိုက်ဆုံတွေ့တဲ့ပွဲလည်းဖြစ်ပါတယ်။ ဥရုဂွေးနည်းပြ အော်စကာတာဘာရက်ဇ် ဟာ ပြင်သစ်အသင်းကိုရင်ဆိုင်ဖို့အတွက် အချိန်ယူပြင်ဆင်ခဲ့တာမို့ မေ ၂၆ ရက်က နောက်ဆုံးခြေစမ်းပွဲမှာ အစ္စရေးအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ ပြတ်ပြတ်သားသား နိုင်ပွဲရရှိခဲ့ပါတယ်။ ဥရုဂွေးရဲ့ ရှေ့တန်းမှာတော့ ဒီဂိုဖော်လန်နဲ့ ဆွာရက်ဇ်တို့က အားထားရတဲ့သူတွေဖြစ်ပြီး ဒီနှစ်ဘောလုံးရာသီမှာ နှစ်ဦးပေါင်း ၅၃ ဂိုး သွင်းထားနိုင်သူတွေပါပဲ။

ဥရုဂွေးကွင်းလယ်မှာ ပေါ်တိုမှာ ကစားနေတဲ့ ပီရီယာ၊ ဗလင်စီယာမှာ ကစားနေတဲ့ ဂွန်ဇာလက်ဇ်နဲ့ အေဂျက်ဇ်မှာ ကစားနေတဲ့ လိုဒီရိုတို့က ရှေ့လယ်နောက် လိုက်ပါကစားနိုင်တဲ့သူတွေဖြစ်ပါတယ်။ တိုက်စစ်ကိုအားကောင်းသူတွေမို့ ဥရုဂွေးရဲ့တိုက်စစ်ဟာ အဟုန်ပြင်းမှာ သေချာပါတယ်။ ဒါကြောင့် ဥရုဂွေးဟာ ပြင်သစ်ကို သရေရလဒ်အဖြစ် ကစားသွားဖို့ ကြိုးစားမှာဖြစ်ပါတယ်။

နည်းပြဒိုမင်နစ်ရဲ့ ပြင်သစ်အသင်းဟာ နောက်ဆုံးခြေစစ်ပွဲအဖြစ် အိုင်ယာလန်ကို အွန်နရီရဲ့ လက်ထိဘောနဲ့နိုင်ပွဲရပြီး ၂၀၁၀ ကမ္ဘာ့ဖလားပွဲကို တက်ရောက်လာခဲ့တာမို့ ဝေဖန်မှုတွေများစွာခံနေရတဲ့အသင်းပါပဲ။ ဒါပေမယ့် တိုက်စစ်မှာ အနယ်လ်ကာနဲ့ အွန်နရီတို့လို ဝါရင့်သမ္ဘာရင့်တွေပါဝင်နေတာမို့ ဥရုဂွေးနောက်တန်းကို ဘယ်လိုကျော်ဖြတ်ရမယ်ဆိုတာ သိထားသူတွေပါပဲ။ ကွင်းလယ်မှာကစားနေတဲ့ တိုယာလန်၊ ချယ်လ်ဆီးမှာ ခြေစွမ်းပြနေတဲ့ မာလူဒါ၊ ဘိုင်ယန်မြူးနစ်မှာ နာမည်ကြီးနေတဲ့ ရစ်ဘာရီတို့က ပြင်သစ်ရဲ့ အဓိကစွမ်းအားတွေအဖြစ် အနိုင်ရလဒ်ကို ပုံဖော်ကြမှာဖြစ်ပါတယ်။ နောက်တန်းမှာ မန်ယူရဲ့ အီဗရာ၊ အာဆင်နယ်ရဲ့ ဂါးလက်စ်၊ ဘာစီလိုနာမှာကစားနေတဲ့ အဘီဒယ်လ်နဲ့ ဆီဗီလာမှာကစားနေတဲ့ ကွီလာစီတို့က ဥရုဂွေးတိုက်စစ်မှူးတွေကို ဟန့်တားထိန်းချုပ်ရာမှာ စိတ်ချရသူတွေပါပဲ။

ဒါကြောင့် တိုက်စစ်နဲ့ ခံစစ်မျှအောင်ကစားမယ့် ပြင်သစ်အသင်းရဲ့ အနေအထားက ဥရုဂွေးကို အနိုင်ရအောင်ကလွဲပြီး အခြားရလဒ်တွေဖန်တီးမှာမဟုတ်တဲ့အတွက် နည်းပြဒိုမင်နစ်ဟာ နိုင်ပွဲရအောင်စီမံမှာ သေချာနေပါတယ်။ ။ **ကိုးကား-အင်တာနက်**

---

# သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် တရားမဝင်နည်းများဖြင့် ငါးမဖမ်းဆီးရေးဟောပြော

သနပ်ပင် ဇွန် ၁၀

သနပ်ပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တရားမဝင် ငါးဖမ်းနည်းများဖြင့် ငါးမဖမ်းဆီးရေးဟောပြောပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မေ ၃၁ရက် နံနက် ၁၀နာရီက ကျင်းပရာ **(အောက်ပုံ)** မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်း၊ အတွင်းရေးမှူး ဦးတေဇာလင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်အတွင်းရေးမှူး ဦးကျော်သန်းနှင့် ရေလုပ်သားများတက်ရောက်ကြပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးအောင်ဇော်ဝင်းနှင့် ဝန်ထမ်းများက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် တရားမဝင် ငါးဖမ်းနည်းများဖြင့် ငါးမဖမ်းရေးတို့အတွက် တားမြစ်ချက်များ၊ နှိုးဆော်ချက်များ၊ ရေချိုငါးလုပ်ငန်းဥပဒေဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြား၍ သတိပေးတားမြစ်ချက်၊ နှိုးဆော်ချက်ပိုစတာများ ဖြန့်ဝေသည်။

(ငါးလုပ်ငန်းဦးစီးဌာန)





**ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရေးနှင့် ယာဉ်အန္တရာယ်ဖြစ်ပွားမှုများ မရှိစေရေးတို့အတွက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနခရိုင်ရုံး(မင်းဘူး)က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး ဟောပြောပွဲကို မေ ၃၁ရက်က မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ဦးစီးမှူး ဒေါ်ခင်သန္တာညွန့် အသိပညာပေးဟောပြောစဉ်။**

(ခရိုင်ကညန)



**ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအောင်ဇော်လင်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းညွန့်၊ မြို့နယ်မီးသတ်တပ်ဖွဲ့များနှင့်ပူးပေါင်း၍ မေ ၁၅ရက်က တည်င်ကုန်းကျေးရွာအုပ်စုအတွင်းရှိ လူဦးရေ ၁၆၀၀ အား သောက်သုံးရေဂါလန် ၂၁၀၀ ဖြန့်ဖြူးပေးဝေကြစဉ်။**

(မြို့နယ် ပြန်/ဆက်)

## မင်္ဂလာညစာစားပွဲ ကျင်းပပြီးစီးခြင်း

မိတ္ထီလာမြို့ ရတနာမာန်အောင် နယ်မြေ(၈)၊ (မ/၄၆၇)နေ
ဦးအောင်ကို(ကြီးကြပ်ရေးမှူး၊ စိုက်/ဘဏ်၊ငြိမ်း)-ဒေါ်စမ်းစမ်းလှ (တရားရုံးချုပ်ရှေ့နေ)
တို့၏သား
**မောင်အောင်မျိုးထူး B.A(English)**
**Semi-Automatic Welding, Japan (JITCO)**
**American Welding Society (AWS)**
နှင့်
ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်မြင်းမိုရ်အိမ်ရာနှင့်
မန္တလေးမြို့၊ မဟာဗေယျာဘုံရပ်၊ မြစန္ဒာလမ်းနေ
(ဒေါက်တာဦးသိန်းအောင်၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး)-ဒေါ်သန်းနွဲ့ (အထပြ၊ငြိမ်း)
တို့၏သမီး
**မကြည်ပြာအောင် M.E(Civil)**
**Q.S, Teacly (S) Pte.Ltd., Singapore**
တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ လက်ထပ်ပြီးစီးပြီးဖြစ်ပါသဖြင့် ၂-၄-၂၀၁၀ရက်တွင် Grand Park City Hall Hotel, Singapore နှင့် ၁၀-၆-၂၀၁၀ရက်တွင် Sedona Hotel, Mandalay တို့၌ မင်္ဂလာညစာစားပွဲ ကျင်းပပြီးစီးပါကြောင်း။
**အောင်မျိုးထူး-ကြည်ပြာအောင်။**

## (၂၂)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေကြီး ဒုတိယဗိုလ်မှူးကြီးမြင့်ဇော်နှင့် ချစ်မေကြီး ဒေါ်ခက်ခက်ဇော်တို့၏ ၁၁-၆-၂၀၁၀ ရက်တွင် ကျရောက်သော (၂၂)နှစ်မြောက် မင်္ဂလာရက်မှသည် သက်ဆုံးတိုင်သမီး၊ သားတို့နှင့်အတူ အေးချမ်းပျော်ရွှင်ရပါစေ—

**သမီးကြီး** - ယဉ်မင်းခင်ခင်
Second Year, Honours(English)
Dip in English (SEAMEO CHAT)

**သားငယ်** - အောင်ထည်
First Year (Myanmar Aerospace Engineering University)

## ငွေရတုမင်္ဂလာ ဆုမွန်လွှာ

**ဖေဖေ ဒုတိယဗိုလ်မှူးကြီးကြည်သိန်း(ငြိမ်း) (တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး-ငြိမ်း)နှင့် မေမေဒေါ်ခင်မြသန်း (အလပြ၊ငြိမ်း)**တို့၏ ၁၁-၆-၂၀၁၀ရက်တွင် ကျရောက်သော (၂၅)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သားတို့နှင့်အတူ သာယာသောဘဝခရီးကို ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ—

**ချစ်သားကြီး -ဒေါက်တာမင်းရွှေမြတ်**
**M.B.,B.S (Mdy)**
**ချစ်သားငယ် -ဗိုလ်လောင်းသီဟမင်းသိန်း(ခ)ကြည်မင်းသိန်း။**

**ကျေးဇူးဆပ်ပါမည်**

ဦးဝတင် ၁၂/ပဇတ(နိုင်)၀၂၈၄၇၃ ၏ ဒ/၆၃၈၂ တိုယိုတာပါပလေကာယာဉ်၏ အခွန်ကျေအစိမ်းရောင်စာရွက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပါရန်။ **ဖုန်း-၇၀၄၂၈၀။**



**TMW Enterprise Ltd., မှ Sony Expo' 2010 ပြပွဲကို ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပမည့် စာနယ်ဇင်းရှင်းလင်းပွဲတွင် TMW Enterprise Ltd., မှ Marketing Manager ဦးဇော်မိုးဦး ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)

# Sony Expo' 2010 ပြပွဲ စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၁၀

**Sony Electronic ပစ္စည်းများကို မြန်မာနိုင်ငံတစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိပေးနေသော TMW Enterprise Ltd., မှ Sony Expo ပြပွဲကို ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ဇွန် ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ရာ စာနယ်ဇင်းရှင်းလင်းပွဲ အခမ်းအနားကို ရန်ကုန်မြို့ရှိ Parkroyal Hotel ၌ ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ကျင်းပသည်။**

### စမ်းသပ်နိုင်

Sony Expo' 2010 ကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ကမ္ဘာ့နိုင်ငံအသီးသီးတွင် တွင်ကျယ်စွာ အသုံးပြုနေသော Sony ၏ 3D နည်းပညာများနှင့်တကွ အခြားထူးခြားဆန်းသစ်သော Monolithic Design၊ Eco Friendly Function၊ Flow Function အစရှိသော ၂၀၁၀ နောက်ဆုံးပေါ် နည်းပညာများကို မြန်မာပြည်မှ Sony မိတ်ဆွေများအား မိတ်ဆက် ပြသပေးလိုသောကြောင့်ဖြစ်သည်။ Cybershot Camera များ၊ Handycam များတွင်လည်း Sony ၏ မူပိုင် နောက်ဆုံးပေါ်နည်းပညာများ၊ ထူးခြားဆန်းသစ်မှုများကို မျက်မြင်ကိုယ်တွေ့ လေ့လာဆန်းစစ်နိုင်ရေးအတွက် ကိုယ်တိုင်ကိုယ်ကျ စမ်းသပ်နိုင်မည့် အခွင့်အလမ်းများကိုလည်း စီစဉ်ပေးထားပြီး ဆေးရုံများ၊ ဆေးခန်းများတွင် အသုံးပြုနိုင်သော Medical Printer များ၊ လုပ်ငန်းသုံး Camera များ၊ ရုပ်ရှင်ရုံသုံး Projector အစရှိသည့် Professional Product များကိုလည်း Sony Expo တွင် မြင်တွေ့စမ်းသပ်နိုင်သည်။

၂၀၁၀ ခုနှစ်တွင် Sony မှ တင်သွင်းဖြန့်ချိထားသော Car Audio များ၊ ဆက်စပ်ပစ္စည်းများသာမက Sony Ericsson Phone များ၊ Walkman များ၊ MP4၊ MP3 များ အစရှိသော Sony Electronics မျိုးစုံကို တစ်နေရာတည်းတွင် စုံစုံလင်လင် တွေ့မြင်စမ်းသပ်စေလိုသော ရည်ရွယ်ချက်၊ နိုင်ငံတကာတွင် အသုံးပြုနေသော နောက်ဆုံးပေါ် နည်းပညာများကို မြန်မာပြည်သူများ သိရှိအသုံးပြုစေလိုသော ရည်ရွယ်ချက်၊ ၂၀၁၀ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲအရသာကို Sony နည်းပညာများနှင့် ပြည့်ပြည့်ဝဝ ခံစားစေလိုသော ရည်ရွယ်ချက်များဖြင့် Sony Expo ကို ကျင်းပရခြင်း ဖြစ်ကြောင်း သိရသည်။

### ပြသထား

Sony Expo ပြသမည့် ခန်းမဆောင်ကြီးတွင် နောက်ဆုံးပေါ် VAIO Laptop များကိုလည်း IT Concept တစ်ခုအနေနှင့် အရောင်အသွေးစုံလင်စွာ ပြသထားသည်ကိုလည်း တွေ့မြင်နိုင်မည်ဖြစ်သည်။ ယနေ့ခေတ်တွင် ကလေး၊ လူကြီးအားလုံး ပါဝင်ဆင်နွှဲ ကစားနေသော Sony ၏ PS2၊ PS3 အစရှိသော Blu-ray Disc Game Player များဖြင့်လည်း Game Section တွင် လက်တွေ့ပျော်ရွှင်စွာ ကစားနိုင်ရန် စီစဉ်ပေးထားသည်ကို တွေ့ရှိရသည်။ Mobile Section သို့ Car Audio ကဏ္ဍတွင်လည်း Sony Xplod 2010 Collection များကို Car Audio စိတ်ဝင်စားသူ မိတ်ဆွေများအတွက် ခင်းကျင်းပြသပေးထားသည်။ ကြည်လင်ပြတ်သားပြီး အသံထွက်ကောင်းမွန်သော Car Audio များကို လက်တွေ့ခံစားနားဆင်နိုင်ရန် တပ်မတော်ခန်းမတွင်း၌ ကားတစ်စီးဖြင့် Demonstration ပြသထားသည်ကိုလည်း တွေ့မြင်နိုင်သည်။

Sony Expo ပြပွဲအတွင်းတွင် အိမ်သုံးလျှပ်စစ်ပစ္စည်းများသာမက Sony Broadcast and Professional ပစ္စည်းများကို ခင်းကျင်းပြသထားသည်ကိုလည်း တွေ့မြင်နိုင်ပြီး Professional ပစ္စည်းများတွင် HD Professional Camera နှင့် ဆက်စပ်ပစ္စည်းများ၊ စီးပွားရေးလုပ်ငန်းသုံး Projector များ၊ Medical Equipment များ၊ Security ပစ္စည်းများအပြင် Broadcasting & Movie Industry သုံး HD Professional Camera များကိုလည်း ခင်းကျင်းပြသထားသည်။ ထိုပစ္စည်းများအနက် AVCHD Technology ကို အခြေခံပြီး ထုတ်လုပ်ထားသော HD Video Camera Series များထဲမှ NXCAM HXR-NX5 ကို မိတ်ဆက်ပြသထားသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။ Sony ၏နာမည်ကျော် G Lens ကို အသုံးပြုထားခြင်း၊ Optical Zoom 20X ရရှိသည့်အပြင် Memory Stick Pro Duo များ၊ SD Card များဖြင့်လည်း ရိုက်ကူးအသုံးပြုနိုင်သောကြောင့် နိုင်ငံတကာတွင် နှစ်ခြိုက်စွာအသုံးပြုနေသော Professional Camera လည်းဖြစ်ပြီး ကျစ်လျစ်ပေါ့ပါးကိုင်တွယ်ရလွယ်ကူသော Camera များကို ပြပွဲအတွင်း၌ လက်တွေ့စမ်းသပ် ကြည့်ရှုလေ့လာနိုင်သည်။

### နောက်ဆုံးပေါ်

TV, DVD, Camera အစရှိသော အိမ်သုံးလျှပ်စစ်ပစ္စည်းများသာမက စီးပွားရေးလုပ်ငန်းသုံး ပစ္စည်းများကိုပါ တီထွင်ထုတ်လုပ်နေသည့် Sony ၏ ၂၀၁၀ခုနှစ် နောက်ဆုံးပေါ် Model များ၊ ဆန်းသစ်မှုနည်းပညာများကို မိဘပြည်သူများတစ်နေရာတည်းတွင် လက်တွေ့ကြည့်မြင်ခံစားနိုင်မည့် Sony Expo' 2010 ပြပွဲကြီးကို ဇွန် ၁၈ရက်မှ ၂၀ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ထိုပြပွဲရက်များအတွင်း အထူးလျှော့ဈေးများ၊ အထူးဝန်ဆောင်မှုများ၊ တရားဝင်အာမခံကတ်ပြားများဖြင့် ဝယ်ယူ အားပေးလိုသူများကို အရောင်း Center ဖွင့်လှစ်ပေးထားမည့်အပြင် Sony အရောင်းပြခန်းများတည်ရှိရာ အမှတ် ၉၀(အေ၊ဘီ) ကမ္ဘာအေးဘုရားလမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၅၄၆၀၀၂ မှ ၅၄၆၀၀၈၊ အမှတ်(၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၀၅၉၊ ၂၅၀၅၉၇၊ အမှတ် ၂၀(ဘီ) ယောမင်းကြီးလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၅၃၁၁၊ အမှတ်(၃၅၂) ၈၂လမ်းနှင့် လမ်း ၃၀ထောင့် ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၇၂၅၈၁ မှ ၇၂၅၈၄၂၊ အမှတ် (လ/၉၃) ဗိုလ်ချုပ်အောင်ဆန်းလမ်း လမ်းမတော်ရပ် တောင်ကြီးမြို့ ဖုန်း-၀၈၁-၂၂၈၅၇ နှင့် အမှတ် (၁၅၁/၁၅၃) သီရိရတနာအဆင့်မြင့်ဈေး နေပြည်တော် ဖုန်း-၀၆၇-၄၂၀၉၆၆၊ ၄၂၀၇၉၁ တို့တွင်လည်း ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



## ကျောင်းအခြေပြုဘေးအန္တရာယ်လျှော့ပါးရေး ဦးဆောင်ဆွေးနွေးသူများ သင်တန်းဖွင့်

**ရန်ကုန် ဇွန် ၁၀**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်း လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့ ပူးတွဲစီစဉ်သော ကျောင်းအခြေပြုဘေးအန္တရာယ်လျှော့ပါးရေး ဦးဆောင်ဆွေးနွေးသူများ သင်တန်းဖွင့်ပွဲကို ဇွန် ၇ရက် နံနက် ၈နာရီခွဲက ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ် ဟိုတယ် ပတ္တမြားခန်းမ၌ ကျင်းပသည်။

### အမှာစကားပြောကြား

အစီအစဉ်အရ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ Head of Delegation Mr. Brend Shell တို့က အဖွင့်အမှာစကား ပြောကြားသည်။**(အပေါ်ပုံ)**

### သင်တန်းကာလ

အဆိုပါ သင်တန်းကို ဘေးအန္တရာယ်ကျရောက်နိုင်သည့်ဒေသရှိ ကျောင်းများတွင် ဒေသခံဆရာ၊ ဆရာမများအား ဆင့်ပွားသင်တန်းများ ဆောင်ရွက်ရေးအတွက် လေ့ကျင့်သင်ကြားပေးရန်နှင့် ကျောင်းအခြေပြုဘေးအန္တရာယ် လျှော့ပါးရေးအဖွဲ့ (SBDRRT Team)များ ဖွဲ့စည်းကာ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်၍ သင်တန်းကာလမှာ ဇွန် ၇ ရက်မှ ၁၃ ရက် အထိဖြစ်သည်။

### တက်ရောက်

သင်တန်းတွင် စီမံချက်ဧရိယာ နာဂစ်ဒေသ ငါးမြို့နယ်နှင့် ပဲခူးတိုင်း (အရှေ့) ငါးမြို့နယ်တို့မှ ပညာရေးမှူး (သို့မဟုတ်)လက်ထောက်ပညာရေးမှူး၊ ကြက်ခြေနီ ဒုတိယတပ်ရင်းမှူး (သို့မဟုတ်) တပ်ခွဲမှူး၊ ဒေသခံဆရာ (သို့မဟုတ်) ဆရာမနှစ်ဦးစီဖြင့် ဧရာဝတီတိုင်းမှ ၃၀၊ ပဲခူးတိုင်း (အရှေ့) မှ ၃၀ စုစုပေါင်း၆၀ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် ရှေ့လုပ်ငန်းစဉ်အဖြစ် စီမံချက်ကျောင်းများတွင် ကျောင်းကြက်ခြေနီအသင်းများ ဖွဲ့စည်းပြီး ကျောင်းတွင်းဘေးဒုက္ခ ကြိုတင်ပြင်ဆင်ရေးနှင့် လျှော့ပါးရေး လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်မည် ဖြစ်သည်။

**(သတင်းစဉ်)**

## သန့်ရှင်းသော သောက်သုံးရေရရှိရေး တီးတိန်၌ ဆောင်ရွက်

**တီးတိန် ဇွန် ၁၀**

တီးတိန်မြို့ ပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် မြို့မှ ၁၄ မိုင်ခန့်ကွာဝေးသော ရေစုကန်များသို့ သွားရောက်ပြီး အမှုဆောင်အရာရှိ ဦးရန်ပြင်းထန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလွန်ဆန်းတို့ ဦးဆောင်သောစည်ပင်သာယာဝန်ထမ်းများက ဇွန် ၅ရက်တွင် သန့်ရှင်းရေး ဆောင်ရွက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

## ၂၀၁၀-၂၀၁၁ စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ရေး မဘိမ်း၌ တာဝန်ပေးအပ်

**မဘိမ်း ဇွန် ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် မဘိမ်းမြို့နယ်၏ ၂၀၁၀-၂၀၁၁ စီမံကိန်း ရည်မှန်းချက်များ အကောင်အထည်ဖော်ရေး တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန်၁ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က တက်ရောက် အမှာစကား ပြောကြားသည်။



### တာဝန်ပေးအပ်

ဆက်လက်၍ ၂၀၁၀-၂၀၁၁ စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ရေးတာဝန်များကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်မြင့် **(ဝဲပုံ)** နှင့် အတွင်းရေးမှူး ဦးကျော်မြင့်တို့က ဌာနဆိုင်ရာများနှင့် ကျေးရွာအုပ်စုလိုက်ဥက္ကဋ္ဌများအား တာဝန်ပေးအပ်ခဲ့သည်။

(ပြည်နယ် ပြန်/ဆက်)



**ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၀၈-၂၀၀၉နှင့် ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အခမ်းအနားကို မေ ၂၉ ရက်က မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနရုံး ကနောင်ခန်းမ၌ ကျင်းပရာ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးအေးလွင်က ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် ရှေ့လုပ်ငန်းစဉ်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လုပ်ငန်းရှင်ကြီးများအား ရှင်းလင်းဆွေးနွေးစဉ်။** (မြို့နယ် ပြန်/ဆက်)

# ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံအကြောင်း သိကောင်းစရာ

တိုး-ရေးသားသည်

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ (ဒီအာရ်ကွန်ဂို)သည် အာဖရိကတိုက်အလယ်ပိုင်းဒေသတွင် တည်ရှိသည်။ ဤနိုင်ငံသည် စီးပွားရေးအရင်းအမြစ်ကြွယ်ဝသည့် နိုင်ငံကြီးတစ်နိုင်ငံလည်းဖြစ်သည်။ ဤနိုင်ငံသည် အာဖရိကတိုက်၏ ကမ္ဘာစစ်တွင် ဗဟိုချက်မအဖြစ် ပါဝင်ပတ်သက်သည်ဟုလည်း ဆိုနိုင်သည်။ ဤဖြစ်စဉ်ကြောင့်ပင် နောက်ဆက်တွဲဆိုးကျိုးများနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

ငါးနှစ်ကြာစစ်ပွဲမှာ အင်ဂိုလာ၊ နမီးဘီးယားနှင့်ဇင်ဘာဘွေနိုင်ငံတို့က ထောက်ခံသည့် အစိုးရတပ်ကို ယူဂန်ဒါနှင့် ရဝမ်ဒါနိုင်ငံတို့ကအားပေးသော သူပုန်တို့အကြား ဖက်ပြိုင်အန်တုခြင်းပင်ဖြစ်သည်။ ငြိမ်းချမ်းရေးသဘောတူညီမှုရရှိပြီး ၂၀၀၃ ခုနှစ်တွင် ယာယီ အစိုးရဖွဲ့စည်းနိုင်သည့်ကြားမှပင် ပြည်တွင်းစစ်အန္တရာယ်က ခြိမ်းခြောက်လျက်ပင်ရှိသေးသည်။

### အသိအမှတ်ပြု

၁၆ ရာစုနှင့် ၁၇ ရာစုတို့တွင် ကွန်ဂိုပွဲစားများမှတစ်ဆင့် ဗြိတိန်၊ ဒတ်ချ်၊ ပေါ်တူဂီ၊ ပြင်သစ်ကုန်သည်များက ကျွန်ကုန်ကူးသည်။ ၁၈၇၀ ပြည့်လွန်နှစ်များတွင် ဘယ်လ်ဂျီယံဘုရင် လီယိုပိုက ကွန်ဂိုတွင် စီးပွားရေးလုပ်ငန်း ထူထောင်သည်။ ၁၈၈၄-၁၈၈၅ခုနှစ်တွင် ဥရောပအင်ပါယာနိုင်ငံကြီးများက ဘာလင်ညီလာခံ၌ ဘယ်လ်ဂျီယံဘုရင် လီယိုပို၏ ကွန်ဂိုမြစ်ဝှမ်းပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုသည်။ ၁၈၈၅ ခုနှစ်တွင် လီယိုပိုက လွတ်လပ်သော ကွန်ဂိုနိုင်ငံထူထောင်ကြောင်း ကြေညာလိုက်သည်။ ၁၈၉၁-၁၈၉၂ ခုနှစ်တွင် ကွန်ဂိုက ကတန်ဂါကို သိမ်းသည်။ ၁၉၀၈ ခုနှစ်တွင် ဘယ်လ်ဂျီယံက ကွန်ဂိုကို တိုက်ရိုက်သိမ်းယူသည်။ လီယိုပို အုပ်ချုပ်စဉ်က သန်းပေါင်းများစွာသော ပြည်သူများမှာ အသတ်ခံရမှု၊ သေအောင်အနိုင်းခံရမှုတို့ကြောင့် သေဆုံးခဲ့ကြရသည်။ ၁၉၅၉ ခုနှစ်တွင် လီယိုပိုဗီးလ်(ယခုကင်ရှာဆာ)မြို့၌ အမျိုးသားရေးဝါဒီများ၏ ဆူပူအဓိကရုန်းဖြစ်မှုများ ပေါ်ပေါက်ပြီးနောက် ဘယ်လ်ဂျီယံနိုင်ငံက မထိန်းချုပ်နိုင်တော့ပေ။

### သမ္မတဖြစ်လာ

၁၉၆၀ပြည့်နှစ် ဇွန်လတွင် လွတ်လပ်ရေးရသည်။ ပက်ထရစ်လူမန်းဘားက ဝန်ကြီးချုပ်ဖြစ်ပြီး ဂျိုးဇက်ကာဆာဗူဘူက သမ္မတဖြစ်လာသည်။ ၁၉၆၀ ပြည့်နှစ် ဇူလိုင်လတွင် ကွန်ဂိုစစ်တပ်က တပ်တွင်းပုန်ကန်မှု ပြုလုပ်သည်။ ရှုန်ဘေးက တွန်ဂါ လွတ်လပ်ရေးကြေညာသည်။ ဘယ်လ်ဂျီယံအကျိုးစီးပွားကို ကာကွယ်ရန်ဟုဆိုကာ ဘယ်လ်ဂျီယံတပ်များကိုစေလွှတ်သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဥပဒေစိုးမိုးရေး ကူညီရန် ဆုံးဖြတ်သည်။ သို့သော် လက်မခံ။ ၁၉၆၀ ပြည့်နှစ် စက်တင်ဘာလတွင် ဝန်ကြီးချုပ် လူမန်းဘားကိုကာဆာဗူဘူက ဖြုတ်ချသည်။ ထိုနှစ် ဒီဇင်ဘာလတွင် လူမန်းဘားဖမ်းဆီးခံရပြီး ၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလတွင် လူမန်းဘား လုပ်ကြံသတ်ဖြတ်ခံရသည်။ ၁၉၆၄ ခုနှစ်တွင် သမ္မတ ကာဆာဗူဘူက ရှုန်ဘေးကို ဝန်ကြီးချုပ်ခန့်အပ်သည်။ ၁၉၆၅ ခုနှစ်တွင် ဂျိုးဇက်မိုဘူတူဦးဆောင်ပြီး အာဏာသိမ်းကာ သမ္မတရော ဝန်ကြီးချုပ်ကိုပါ ဖယ်ရှားပစ်ခဲ့သည်။

၁၉၇၁ ခုနှစ်တွင် မိုဘူတူက ဇိုင်ယာနိုင်ငံဟု အမည်ပြောင်းသည်။ ကတန်ဂါကို ရှာဘာဟုအမည်ပြောင်းပြီး ကွန်ဂိုမြစ်ကိုလည်း ဇိုင်ယာမြစ်ဟု အမည်ပြောင်းသည်။ ၁၉၇၃-၁၉၇၄ ခုနှစ်တွင် မိုဘူတူက နိုင်ငံခြားသားပိုင် ကုမ္ပဏီများကို ပြည်သူပိုင်သိမ်းပြီး ဥရောပရင်းနှီးမြှုပ်နှံသူများ နိုင်ငံအတွင်း မနေနိုင်အောင်ဖန်တီးသည်။ ၁၉၈၉ ခုနှစ်တွင် ဘယ်လ်ဂျီယံချေးငွေများပြန်မဆပ်တော့။ ၁၉၉၆-၁၉၉၇ ခုနှစ်တွင် မိုဘူတူပြည်ပသို့ ဆေးကုသမှုခံယူရန်သွားရောက်စဉ် တွတ်ဆီသူပုန်များက ဇိုင်ယာအရှေ့ပိုင်းဒေသ အများအပြားကို သိမ်းပိုက်သည်။ ၁၉၉၇ ခုနှစ် မေလတွင် ရဝမ်ဒါနိုင်ငံ၏ အကူအညီဖြင့် တွတ်ဆီသူပုန်များနှင့် မိုဘူတူဆန့်ကျင်ရေးသူပုန်များပူးပေါင်းကာ ကင်ရှာဆာမြို့တော်ကို သိမ်းပိုက်သည်။ ဇိုင်ယာနိုင်ငံကိုလည်း ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံဟု အမည်ပြောင်းလိုက်သည်။ လောရင့်ကာဘီလာ သမ္မတဖြစ်လာသည်။

### လက်မှတ်ရေးထိုး

၁၉၉၈ ခုနှစ် ဩဂုတ်လတွင် ရဝမ်ဒါနှင့် ယူဂန်ဒါထောက်ခံသည့် သူပုန်များက သမ္မတ ကာဘီလာ ဆန့်ကျင်ရေးတိုးမြှင့်ပြီး ကင်ရှာဆာမြို့တော်သို့ ချီတက်လာသည်။ ဇင်ဘာဘွေ၊ နမီးဘီးယားနှင့် အင်ဂိုလာနိုင်ငံတို့က သမ္မတကာဘီလာဘက်မှ ကူညီတွန်းလှန်ပေးသည်။ ၁၉၉၉ ခုနှစ်တွင် ယူဂန်ဒါထောက်ခံသည့် ကွန်ဂိုလွတ်မြောက်ရေးလှုပ်ရှားမှု (အမ်အယ်လ်စီ) သူပုန်နှင့် ရဝမ်ဒါထောက်ခံသည့် ကွန်ဂိုဒီမိုကရေစီတပ်ပေါင်းစု (အာရ်စီဒီ) သူပုန်တို့ လက်တွဲပြုတ်ကုန်သည်။ စစ်ပွဲတွင်ပါဝင်သော အာဖရိကခြောက်နိုင်ငံတို့က ၁၉၉၉ ခုနှစ် ဇူလိုင်လတွင် လူဆာကာနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူ စာချုပ်ကို လက်မှတ်ရေးထိုးသည်။ နောက်တစ်လတွင် အမ်အယ်လ်စီနှင့် အာရ်စီဒီသူပုန် အုပ်စုတို့ စာချုပ်ကိုလက်မှတ်ရေးထိုးသည်။

### ထောက်ခံ

၂၀၀၁ ခုနှစ် ဇန်နဝါရီလတွင် သမ္မတလောရင့်ကာဘီလာမှာ သက်တော်စောင့်၏ လုပ်ကြံမှုကိုခံရသည်။ သားဖြစ်သူ ဂျိုးဇက်ကာဘီလာ သမ္မတအဖြစ်ဆက်ခံသည်။ ဂျိုးဇက်ကာဘီလာသည် ကမ္ဘာပေါ်တွင် အသက်အငယ်ဆုံး နိုင်ငံ့အကြီးအကဲဖြစ်ခဲ့သည်။

၂၀၀၃ ခုနှစ်တွင် သမ္မတကာဘီလာက နှစ်နှစ်အတွင်း ရွေးကောက်ပွဲ ကျင်းပသည်အထိ တာဝန်ယူရမည့် ကြားဖြတ်အစိုးရအဖွဲ့ကို ဖွဲ့စည်းပေးသည်။ ၂၀၀၅ ခုနှစ် မေလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပါလီမန်က အတည်ပြုသည်။ ထိုနှစ် ဒီဇင်ဘာလတွင် ပြည်သူ့ဆန္ဒဖြင့် ဆုံးဖြတ်စေရာ ထောက်ခံမှုရရှိခဲ့သည်။

၂၀၀၆ ခုနှစ် ဇူလိုင်လတွင် သမ္မတရွေးကောက်ပွဲနှင့် ပါလီမန်ရွေးကောက်ပွဲများကျင်းပသည်။ နှစ် ၄၀ အတွင်း ပထမဆုံးလွတ်လပ်သည့်ရွေးကောက်ပွဲဖြစ်သည်။ ၂၀၀၆ ခုနှစ် နိုဝင်ဘာလတွင် ဒုတိယအကြိမ် သမ္မတရွေးကောက်ပွဲ၌ ဂျိုးဇက်ကာဘီလာ အနိုင်ရခဲ့သည်။

### လက်ခံထား

အဂတိလိုက်စားပြီး အာဏာရှင်ဆန်စွာ အုပ်ချုပ်ခဲ့သူ မိုဘူတူအား ၁၉၉၇ ခုနှစ်တွင် ဖယ်ရှားပစ်ခဲ့သည်။ စစ်ဆင်ရေးတို့တွင် ဖခင်နှင့်အတူ ရင်ပေါင်တန်းတိုက်ပွဲဝင်ခဲ့သူ သမ္မတဂျိုးဇက်ကာဘီလာမှာ သူ့ဖခင် လောရင့်ကာဘီလာနှင့်မတူသည့် ဥပမိရုပ်ရှိသူဖြစ်သည်။ သူသည် ဤနိုင်ငံ၏ရှည်ကြာသော ပဋိပက္ခများမှ ကျန်ရစ်ခဲ့သော အပြစ်အနာအဆာကို အားလုံးနှင့်လက်တွဲကုစားမည်ဟု ကတိပေးထားသူဖြစ်သည်။ ထိုပဋိပက္ခများကို လူ့အသက်ပေါင်း သုံးသန်းစတေးခံကာ ဖြတ်ကျော်ခဲ့ရသည့်သမိုင်းက အနာဂတ်အတွက်ကြီးမားသော သင်ခန်းစာတစ်ရပ်အဖြစ်လည်း သမ္မတကာဘီလာက လက်ခံထားခဲ့သည်ဟုဆိုသည်။ ။

ကိုးကား-အင်တာနက်




## ဘဝဒဿန

- ❋ The most biting pain comes from a sharp tongue.
- – နင့်သီးကြမ်းတမ်းစွာ ပြောလိုက်သောစကားကြောင့် ဆိုးရွားစွာနာကျင်စေမှုကို ဖြစ်စေနိုင်သည်။
- ❋ Enthusiasm starts the wheels of the imagination to turning.
- – စိတ်အားထက်သန်မှုက စိတ်ကူးစိတ်သန်းများကို ဖြစ်ထွန်းရှင်သန်စေနိုင်သည်။
- ❋ The happiest men are those who have Learned to mix play with their work and find the two together with enthusiasm.
- – အပျော်ရွှင်ဆုံး အမျိုးသားများသည် အလုပ်နှင့်ဝါသနာကို ပေါင်းစပ်တတ်သူများဖြစ်ပြီး ထိုကိစ္စနှစ်မျိုးစလုံးကို စိတ်အားထက်သန်စွာဖြင့် ဆောင်ရွက်လေ့ရှိကြသည်။

(ချားလ်စ်ဝီလျံ)

## နိုင်ငံတကာသတင်း စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်ဆွေ၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ တင်မာဝင်းနှင့် မြကေခိုင်စိုး

ဆန်းသစ်တီထွင် ကမ္ဘာတစ်ခွင်

ကောင်းမြတ်သူ ➤ ရေးသားသည်

စာမျက်နှာဖွဲ့စည်းမှု ➤ လဲ့လဲ့ဝင်း(မြန်မာ့အလင်း)

## လေဆာရောင်ခြည်သုံး၍ ဖောက်ခွဲရေးပစ္စည်းရှာဖွေနိုင်

လန်ဒန် ဇွန် ၁၀

*ဗြိတိသျှသိပ္ပံပညာရှင်များသည် ဖုံးဝှက်ထားသော ဖောက်ခွဲရေးပစ္စည်းများကို လေဆာ နည်းပညာအသုံးပြုပြီး ရှာဖွေနိုင်ပြီဖြစ်ကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ရေးသားဖော်ပြသည်။*

*အထောက်အကူပြု*

*စိန့်အင်ဒရူးတက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် လေဆာရောင်ခြည်သုံးပြီး မြေမြှုပ်မိုင်းများ၊ လမ်းဘေးထောင်ဗုံးများကို ရှာဖွေနိုင်မည်ဖြစ်ကြောင်း၊ ၎င်းလေဆာရောင်ခြည်အသုံးပြု၍ ရှာဖွေချိန်တွင် မိုင်းများရှိသောနေရာများမှ အငွေ့များ ထွက်လာသည်ကို တွေ့ရလိမ့်မည်ဖြစ်ကြောင်း၊ ယင်းနည်းပညာဖြင့် အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့ရှိ မြေမြှုပ်မိုင်းများ၊ ထောင်ဗုံးများကို ဖယ်ရှားရှင်းလင်းရာတွင် များစွာအထောက်အကူပြုလိမ့်မည်ဖြစ်ကြောင်း စိန့်အင်ဒရူးတက္ကသိုလ်မှ ရူပဗေဒပညာရှင် ဂရေဟမ်တမ်းဘူးလ်က ပြောကြားသည်။ (အောက်ပုံ)* *(အင်တာနက်)*



## အိုင်ဖုန်း အမျိုးအစားသစ် တီထွင်ထုတ်လုပ်

ဆန်ဖရန်စစ္စကို ဇွန် ၁၀

*နည်းပညာကုမ္ပဏီကြီးတစ်ခုဖြစ်သော အပ်ပဲကုမ္ပဏီက အရည်အသွေး ပိုမိုကောင်းမွန်သည့် အိုင်ဖုန်းအမျိုးအစားသစ်ကို တီထွင်ထုတ်လုပ်လိုက်ပြီဖြစ်သည်။*

*တီထွင်ထုတ်လုပ်*

*အိုင်ဖုန်းဖိုးဟု အမည်ပေးထားသော အဆိုပါပစ္စည်းမှာ မြင်ကွင်းကျယ် စက္ကရင်၊ တာရှည်ခံဘက်ထရီနှင့် ကင်မရာနှစ်လုံးပါရှိပြီး အပါးလွှာဆုံးဖြစ်အောင် တီထွင်ထုတ်လုပ်ထားကြောင်း ၎င်းကုမ္ပဏီက ပြောကြားသည်။* ***(အပေါ်ယာပုံ)***



*ရောင်းချမည်*

*အဆိုပါကုမ္ပဏီက အိုင်ဖုန်းဖိုး အမျိုးအစားသစ်ကို လာမည့် ဇွန် ၂၄ရက်မှစပြီး အမေရိကန်၊ ပြင်သစ်နှင့် ဂျပန်ဈေးကွက်များသို့ တစ်လုံးလျှင် အမေရိကန်ဒေါ်လာ ၉၉ဒေါ်လာမှ ၂၉၉ဒေါ်လာအထိ အစားစားထုတ်လုပ်ရောင်းချသွားမည်ဖြစ်ကြောင်း၊ ၎င်းအိုင်ဖုန်းပေါ်တွင် တပ်ဆင်ထားသော ကင်မရာများကြောင့် အိုင်ဖုန်းပြောဆိုသူ အချင်းချင်း ရုပ်နှင့်အသံနှစ်မျိုးစလုံးကို မြင်တွေ့ ပြောဆိုနိုင်မည်ဖြစ်ကြောင်း သိရသည်။* ***(အင်တာနက်)***

## ဗီဇပြုပြင် ယူကလစ်ပင်မှ စက္ကူထုတ်လုပ်မည်

ဖလော်ရီဒါ ဇွန် ၁၀

*အမေရိကန်နိုင်ငံ ပြည်နယ်ကြီး ခုနစ်ခုတွင် အနာဂတ်စက္ကူထုတ်လုပ်ရေးအတွက် အထောက်အကူဖြစ်စေမည့် မျိုးဗီဇပြုပြင်ထားသော ယူကလစ်ပင်များ စိုက်ပျိုးနေပြီဖြစ်ကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။ (အောက်ပုံ)*

*အာဘောဂျင်အမည်ရှိ ဇီဝနည်းပညာဖက်စပ်ကုမ္ပဏီကြီးက အမေရိကန် စက္ကူထုတ်လုပ်ရေး ကုမ္ပဏီသုံးခုနှင့် ပူးပေါင်းလျက် လာမည့်နှစ်များအတွင်း အမေရိကန်နိုင်ငံ ဒေသ ၂၉ခု၌ ယူကလစ်ပင် ၂၅၀၀၀၀စိုက်ပျိုးသွားရန် စီစဉ်လျက်ရှိသည်။*

*ဗီဇပြုပြင်*

*ဩစတြေးလျ ယူကလစ်မျိုးသည် အမေရိကန်ဒေသမျိုးများထက် ကြီးထွားနှုန်းပိုမြန်ပြီး အရည်အသွေးပြည့်ဝသော စက္ကူပျော့ဖတ်များထုတ်လုပ်နိုင်ကြောင်း၊ ယင်းယူကလစ်ပင်မျိုးကို ဗီဇပြုပြင်ပြောင်းလဲလျက် စိုက်ပျိုးသွားမည်ဖြစ်သည်။ အမေရိကန်နိုင်ငံ၌ ဗီဇပြုပြင်ထားသော ယူကလစ်ပင်များကို ဖလော်ရီဒါ၊ တောင်ကယ်ရိုလိုင်းနား၊ တက္ကဆက်၊ အယ်လ်ဘားမား၊ မစ္စစ္စပီ၊ ဂျော်ဂျီယာနှင့် လူဝီစီးယားနားပြည်နယ်တို့တွင် ဧက ၃၀၀စမ်းသပ်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ (အင်တာနက်)*



★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ

## နေ့စဉ် ကော်ဖီသောက်သုံးပေးခြင်းဖြင့် ဆီးချိုဖြစ်ပွားမှု လျော့ကျစေနိုင်ဖွယ်ရှိ

ကောင်းမြတ်သူ - ရေးသားသည်



*လော့စ်အိန်ဂျလိစ် ဇွန် ၁၀*

*ကော်ဖီသောက်သုံးခြင်းသည် ဆီးချိုရောဂါအဆင့်(၂)ကို လျော့ကျစေဖွယ်ရှိကြောင်း အမေရိကန် ဓာတုဗေဒ လူမှုအဖွဲ့အစည်း(အေစီအက်စ်)က ယင်းတို့၏ သုတေသနပြု လေ့လာတွေ့ရှိချက်တစ်ရပ်အဖြစ် တင်ပြထားသည်။*

*စမ်းသပ်*

*အဆိုပါလေ့လာတွေ့ရှိချက်ကို ဂျပန်နိုင်ငံ နာဂိုယာတက္ကသိုလ်မှ သုတေသီများက တိရစ္ဆာန်များနှင့် စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း အေစီအက်စ်က ပြောကြားသည်။*

*လျော့ကျ*

*သုတေသီများသည် ဆီးချိုရောဂါအခံရှိသောကြွက်များကို ကော်ဖီသို့မဟုတ် ရေများတိုက်ကျွေးပြီး စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကော်ဖီတိုက်ကျွေးသော ကြွက်များမှာ သွေးအတွင်း သကြားဓာတ်မြင့်မားမှုကို ကာကွယ်ပေးနိုင်ကြောင်း၊ သွေးအတွင်း အချိုဓာတ်ထိန်းပေးသည့် အင်ဆူလင်ဓာတ်များလည်း တိုးပွားလာစေကြောင်း၊ ယင်းလေ့လာတွေ့ရှိချက်ကို အခြေခံလျက် ကော်ဖီသောက်သုံးခြင်းဖြင့် ဆီးချိုရောဂါအဆင့်(၂) ဖြစ်ပွားမှုကိုလည်း လျော့ကျစေနိုင်လိမ့်မည်ဖြစ်ကြောင်း လေ့လာတင်ပြသွားသည်။*

*ကော်ဖီတွင်ပါဝင်သည့် ကဖိန်းဓာတ်တစ်မျိုးသည် ဆီးချိုရောဂါဖြစ်ပွားစေသည့် ဒြပ်ပေါင်းများကို တိုက်ဖျက်နိုင်သည့် အာနိသင်ရှိကြောင်းဖြင့်လည်း အဆိုပါသုတေသီများက ပြောကြားသည်။*

*အင်တာနက်*



ပဲခူးတိုင်း ညောင်လေးပင်မြို့၏ ဖွံ့ဖြိုးမှုအလှကို ထပ်ဆင့်အမွှမ်းတင်ပေးနေသည့် မြို့မဈေးကြီးရှေ့မြင်ကွင်း။

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံမှတ်တမ်း - သတင်းထောက် ပိန်းဇလုပ်သိန်းညွန့်

စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

## သန့်ရှင်းလှပဖွံ့ဖြိုးမှုစုံလင် မြို့ညောင်လေးပင်

ရန်ကုန် ဇွန် ၁၀

မြို့ပြဖွံ့ဖြိုးမှုပုံရိပ်များက နေရာအနှံ့၌ မြင်တွေ့နေရသည်။ နိုင်ငံတစ်ဝန်း တိုးတက်မှုမြင်ကွင်းများက အကြားအလပ်မရှိအောင် ပြောင်းလဲဆန်းသစ်ခဲ့လေပြီ။

တိုးတက်မှုပုံရိပ်ဆန်းသစ်သော မြို့နယ်များတွင် ပဲခူးတိုင်း ညောင်လေးပင်မြို့လည်း အပါအဝင်ဖြစ်သည်။ ညောင်လေးပင်မြို့သည် ရန်ကုန်-မန္တလေးသွား ကားလမ်းဆုံ၊ ရထားလမ်းဆုံရာ မြို့ဖြစ်သည်။ ရွှေကျင်မြို့နယ်သို့လည်း ရထား၊ ကားတို့ဖြင့် သွားလာနိုင်သဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ●

11-6 (20).pmd 1 6/11/2010, 2:43 AM